# အနမောဒနာတရားတော်

## (မွေးနေ့)

# မာတိကာ


တရားအနှုသန္ဓေ

တရားလဲ အသစ်အဆန်းဟောဘို့မလိုပါ

ဟောမည့်တရားနိဒါန်း

နိစိကဏ္ဍသုတ်တရားတော်

ရတနာရွှေအိုးမြုပ်နှံသိမ်းသွင်းပုံ

သုပ္ပဋိပန္နဂုဏ်

ဝိပဿနာရှုမှတ်ပုံ အကျဉ်းချုပ်

ကုသိုလ်ရတနာရွှေအိုးဖြင့် လိုသမျှရနိုင်သည်

နိစိကဏ္ဍသုတ် နောက်ဆုံး ၃-ဂါထာ

နိဂုံးချုပ်အဋ္ဌကထာအဖွင့်

ရေစက်ချစာတမ်း

ဆရာသန်း၏အမျှပေးဝေခန်း

# အမှာစကား

ဘဝတုသဗ္ဗမင်္ဂလံ–

ကျွန်တော်တို့သည် ၁၃၀၉–ခု၊ ၁၃၁၀–ခုနှစ်က ဗဟန်း ရေတာရှည်လမ်းသစ်၌၊ တနှစ်ကျော်ခန့်နေခဲ့ဘူး၍၊ သဘာဝဗေဒဆရာသန်းကို သိခဲ့သော်လဲ ခင်မင်ရင်းနှီးမှုတော့ မရှိခဲ့ပါ။

၁၃၁၁–ခုနှစ်သို့ရောက်မှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်သီတင်းသုံးတော်မူ၍၊ ဝိပဿနာတရားတော်ကို ဟောကြားပြသတော်မူသောအခါ၊ တရားအားထုတ်ရန် လာရောက်ကြသော ရဟန်းရှင်လူ ယောဂီသူတော်စင်များထဲတွင် သဘာဝဗေဒဆရာသန်းသည် တဦးအပါအဝင်ဖြစ်လာသည်သာမက ကျွန်တော်တို့ အကျိုးဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရသော ယောဂီထောက်ပံ့ရေးအဖွဲ့အား တလလျှင်ကျပ်ငွေ (၁၀/–) အမြဲနိဗဒ္ဓဝတ် ထည့်ဝင်လှူဒါန်းသောအဖွဲ့ဝင် ဖြစ်သောကြောင့် ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးသော ဓမ္မမိတ်ဆွေ ဖြစ်လာခဲ့ပါတော့သည်။

## သဘာဝဗေဒ ဆေးပညာသင်ခြင်း

ဆရာသန်းသည် ပုသိမ်မြို့အရှေ့ပိုင်း ရသေ့ချောင်းရွာဇာတိဖြစ်၍၊ အသက် ၂၄–နှစ်ခန့်ကပင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်၍၊ တိုင်းရင်းမြန်မာဆေးပညာကိုပင် ဝါသနာပါသူဖြစ်သဖြင့်၊ မူလသဘာဝ ဗေဒဆရာတော်ကြီး ဦးဣန္ဒြိယ၏ထံ၌ ဆေးပညာသင်တန်း ၃–နှစ်ကျော် တက်ခဲ့၍၊ ဆရာတော်ကြီး၏ ဆေးခန်း၌လဲ၊ ဝေဒနာသည်တို့အား လက်တွေ့ကုထုံး ၃–နှစ်ခန့် ကုသ၍ သင်ကြားခဲ့ရလေသည်၊ ၎င်းမှတဖန် သဘာဝဗေဒဗဟိုရ်အဖွဲ့ချုပ်က ဆောင်ရွက်သော သဘာဝဗေဒကုသိုလ်ဖြစ် အခမဲ့ဆေးကုဌာန၌ တာဝန်ခံကုသရေး ဆေးဆရာကြီးအဖြစ်ဖြင့် ကန်တော်ကြီး တဲအိမ် စစ်ပြေးဒုက္ခသည်တို့အား (၇)နှစ်တိုင် ကုသပေးခဲ့ပါသည်။

## ဆရာသန်း ဆေးကုဌာန

အသက် ၄၀–အရွယ်မှာ အထောက်အပံ့ကောင်းရ၍ ဗဟန်းနယ်မြေ ကြားတောရအုဋ္ဌလမ်း၌ သက်န်းပရိက္ခရာဆိုင်ဖွင့် တည်ထောင်ခဲ့ရာ အောင်မြင်ကြီးပွါးခဲ့၍၊ ဆေးပညာကလဲ အကျိုးပေးလာ၍ ၁၃၁၇–ခုနှစ်မှာပင် သက်န်းပရိက္ခရာဆိုင်ကို ဆရာကတော် ဒေါ်စိန်းရင်အားလွှဲ၍ ယခုလက်ရှိနေထိုင်ရာ ဗဟန်းရေတာရှည်လမ်းသစ် အမှတ်–၃၄(က)၌၊ သဘာဝဗေဒ ဆရာသန်း၏ ဆေးကုဌာနနှင့် ဆေးတိုက်ကိုဖွင့်ခဲ့၍၊ ဆေးလဲကုသ၊ ဆေးလဲရောင်းခဲ့၍၊ ကုသိုလ်ဖြစ်ကုသင့်သူတို့အားလဲ ဆေးများကို လှူဒါန်းခဲ့၍၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မြန်မာဆေးခန်း ဆရာများအဖွဲ့၌လဲ ဆရာသန်းသည် ဥက္ကဋ္ဌအဖြစ်နှင့် ရဟန်းရှင်လူ ယောဂီတို့အားလဲ အလှည့်ကျသွားရောက်၍ ကုသိုလ်ဖြစ်ဆေးဝါးများ ကုသပေးခဲ့၍၊ ဆေးသုတေသီတို့အားလဲ သဘာဝဗေဒ ဆရာဖြစ် သင်တန်းကို ဖွင့်လှစ်၍ သင်ကြားပေးခဲ့သည်မှာ နှစ်ပေါင်း ၂၀–ကျော်ခန့်ရှိပါသည်၊ ၎င်းအပြင် လက်တွေ့ကုထုံး ဆေးကျမ်းကြီး ၄–ကျမ်းနှင့် ဓာတ်စာကုထုံးကျမ်း ၂–ကျမ်း ပေါင်း ဆေးကျမ်း ၆–ကျမ်းကိုလဲ ရေးသားပြုစု၍ ပုံနှိပ်ဖြန့်ချီခဲ့သည်မှာ ပဌမကျမ်း ၅–ကြိမ်၊ ဒုတိယကျမ်း ၃–ကြိမ်၊ တတိယကျမ်း ၂–ကြိမ် ပုံနှိပ်ပြီးခဲ့ပါသည်။

## တိုင်းရင်းမြန်မာ ဆေးခန်းမှူး

နိုင်ငံတော်အစိုးရက တိုင်းရင်းမြန်မာ ဆေးပညာကို ပြန်လည်ဖော်ထုတ်သောအားဖြင့် မြို့နယ်အရပ်ရပ်တို့၌ တိုင်းရင်းမြန်မာ အခမဲ့ဆေးကုဌာနတို့ကို ဖွင့်ပေးသောအခါ၊ ဆရာသန်းသည် ဗဟန်းမြို့နယ် တိုင်းရင်းမြန်မာ အခမဲ့ဆေးကုဌာန၌ လက်ထောက်ဆေးမှူး ၂–ယောက်၊ ဆေးလုလင်တယောက်နှင့်အတူ ဆေးခန်းမှူးကြီးအလုပ်နှင့် (၁၆)နှစ်လုပ်ခဲ့ပြီး ပင်စင်လစာဖြင့် အနားယူခဲ့ပါသည်။

## ဒါန၊ သီလ ဘာဝနာကုသိုလ်တို့ကို ဆည်းပူးခြင်း

ဆရာသန်းသည် အလှူဒါနပါရမီဆည်းပူးရာမှာလဲ သာသနာရေးနှင့် အသင်းအဖွဲ့များ ရိပ်သာနှင့် ဘုန်းကြီးကျောင်းများ၌ တမြဲတစေ နိဗဒ္ဓဝတ်ထား၍ ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သလို သီလပါရမီဖြင့် ဆည်းပူးရာ၌လဲ ငါးပါး၊ ရှစ်ပါး၊ ဥပုသ်ရက်ရှည် စောင့်ခဲ့သူဖြစ်ပါ၏။ ဘာဝနာလုပ်ငန်းကို အသက် ၂၃–နှစ် ရဟန်းသုံးဝါအရမှာ ဧကသနိက်ပတ်တပိုဏ်စုတင် ဆောက်တည်၍ မော်လမြိုင်တောင်ဝိုင်းကလေးတောရ ပဓာနိကာရုံ ကျောင်းဝိုင်းအတွင်း တောင်စောင်းရှိ ကမ္မဋ္ဌာန်းကျောင်းငယ် တကျောင်း၌ တနှစ်ကျော်ခန့် သီလ–သမာဓိ–ဘာဝနာအလုပ်ကို ပြင်းပြင်းထန်ထန် အားထုတ်ခဲ့ဘူးကြောင်း သိရ၏။ အဆုတ်နာစသော ရောဂါဝေဒနာအမျိုးမျိုး ဖြစ်လာ၍ ရဟန်းသုံးဝါအရမှာ လူဝတ်လဲခဲ့ရပါသည်။

## ဝိပဿနာတရား အားထုတ်ခြင်း

၁၃၁၃–ခုနှစ်သို့ရောက်သောအခါ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ သာသနာ့ရိပ်သာသို့ သွားရောက်၍ နေ့ရောညဉ့်ပါ ၂–လနီးပါး အချိန်ပြည့် ကမ္မဋ္ဌာနစရိယဆရာတော်တို့ ကျေနပ်လောက်အောင် ဝိပဿနာတရားတော်ကို ကြိုးကြိုးစားစား အားထုတ်ရှုမှတ်ခဲ့သည်ကို သိရ၏။ သင်္ကြန်ကျတိုင်း ဆေးခန်းပိတ်သောရက်နှင့် သီးသန့်ခွင့်ယူသောရက် ၁၅–ရက်ခန့်မှာ ၈–ပါးသီလနှင့် နှစ်စဉ် ၆–နာရီ သာသနာ့ရိပ်သာ နိုင်ငံခြားသား ကမ္မဋ္ဌာန်းတိုက်သို့ သွားရောက်၍ နံနက် ၈–နာရီ၊ ၉–နာရီကျအောင် တရားအားထုတ်ခဲ့သည်မှာ ၁၁–နှစ်ကျော် ကြာခဲ့ပါသည်၊ အသက်ကြီးလာ၍ ကျန်းမာရေး မကောင်းသောကြောင့် သာသနာ့ရိပ်သာသို့ မသွားတော့ဘဲ အိမ်မှာ အချိန်ရသလောက် တရားရှုလျက်နေသည်ကို သိရပါသည်။

## ဓမ္မဒေသနာဖြန့်ချီရေးအဖွဲ့ ဖွဲ့စည်းခြင်း

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၃၂၃–ခု၊ တော်သလင်းလဆန်း ၁၅–ရက်၌ "ဆရာသန်းက ခေါင်းဆောင်၍ ဓမ္မဒေသနာဖြန့်ချီရေးအဖွဲ့ကို ဖွဲ့စည်းပါ၊ ၎င်းအဖွဲ့၌ ဆရာသန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သင့်တော်သော အမှုဆောင်များကို ဖွဲ့စည်းပါ"ဟု ဆရာတော်ဘုရားက အမိန့်ရှိသောကြောင့် အထက်ပါ နေ့ရက်မှာပင် ဓမ္မဒေသနာ ဖြန့်ချီရေးအဖွဲ့ကို ဖွဲ့၍ အဖွဲ့၏ ရည်ရွယ်ချက်အတိုင်း စာအုပ်များကို စည်းကမ်းတကျ ဖြန့်ချီထုတ်ဝေခဲ့ပါသည်။

ဆရာသန်းသည် လောကီစီးပွားရေး၊ လောကုတ္တရာ စီးပွားရေးတို့၌ အလုပ်အကိုင် အောင်မြင်ပြီး ကြီးပွားခဲ့သည်မှာ အံ့ဘွယ်တရပ် ဖြစ်ပါ၏။ ထို အံ့ဘွယ်ဂုဏ်ကို ဆောင်ယူနိုင်ခဲ့သည်မှာ ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူသော သမ္ပဒါတရားလေးပါးကို ကိုယ်တိုင်ကောင်းစွာ လိုက်နာကျင့်သုံးခဲ့သူ ဖြစ်သောကြောင့်ဟု အများက မြင်ကြပါသည်။

## ဆရာသန်း အသက်

ဆရာသန်းသည် ကျန်းမာရေး အားပြေ့စေကာမူ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်ဟူသော ပညာရှိတို့၏စကားကို အလေးအမြတ်ထား၍ အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် မိမိကိုင်တိုင် သမ္မဇဉ်ဉာဏ်ယှဉ်၍ အသက်မွေးတတ်သူ ဖြစ်သောကြောင့် ၁၃၃၉–ခု နတ်တော်လပြည့်ကျော် ၆–ရက်နေ့က အသက် ၇၅–နှစ် ပြည့်လေသည်။

သက်တမ်းပြည့် နေရေးအတွက် ပစ္စုပ္ပန်ကံလိုသည်။ လူတို့၏ အသက်ရှည်ရေးသည် အတိတ်ကံ အထောက်အပံ့ ကောင်း၍ချည်း မဟုတ်၊ ပစ္စုပ္ပန်ကံအထောက်အပံ့လဲ များစွာလိုအပ်ပါ၏၊ ပစ္စုပ္ပန်ကံကောင်းဘို့ရာ အအိပ်အနေအစား သွားလာ လှုပ်ရှားမှုတို့ကိုလဲ ဆင်ခြင်နိုင်သူ၊ ရာသီဥတုကိုလဲ လေးစားသူ၊ ဒါန–သီလ–ဘာဝနာကုသိုလ်တို့ကိုလဲ အမြဲတစေ ပြုလုပ်သူဖြစ်ပါက လူတဦးတယောက်၏ နောက်၌ အရိပ်သည် ကပ်ပါနေသကဲ့သို့ ကောင်းသောကံတို့က တံတိုင်းခံတပ်ပမာ ဝန်းရံလိုက်ပါနေမည် ဖြစ်သောကြောင့် မကောင်းသော အကုသိုလ်ကံတို့သည် အကျိုးပေးခွင့် မသာဘဲ အဟောသိကံ ဖြစ်ကုန်ကြ၍ လူ့သက်တမ်းပြည့် နေကြရမည် ဖြစ်ပါသည်။

ဆရာသန်း၏ အလှူဒါနပါရမီ ကုသိုလ်တို့ကား များပြားလှပါဘိ။ ဤစာအုပ်၏ နောက်ပိုင်း၌ စာရင်းပြုလုပ် ဖော်ပြထား၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ အလှူစာရင်းကဲ့သို့ပါတကား။ (သီလကုသိုလ်နှင့် ဘာဝနာကုသိုလ်တို့၏ စာရင်းကိုလဲ ဤသို့ ဖော်ပြနိုင်လျှင် သာ၍ ကောင်းပေမည်။)

## လူ့သက်တမ်း

ဗုဒ္ဓမြတ်ဘုရား၏ ရွှေလက်ထက်တော်က လူတို့၏ သက်တမ်းသည် နှစ်တရာတမ်းသာ ရှိ၏။ "နှစ်တရာလျှင် တနှစ်လျော့တတ်သည်"ဟု ပညာရှိတို့အဆိုအရ ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်တော်မူပြီး၍ သာသနာနှစ် (၂၅၂၂) ရှိလာပြီဖြစ်သော ယခု ၁၃၄၀–ခုနှစ်မှာ လူတို့၏သက်တမ်းသည် ၂၅–နှစ်လျော့လာပြီ ဖြစ်သောကြောင့် (၇၅)နှစ်သာ ရှိတော့မည်ဟု ဆိုရ၏။ ယခုအခါ အသက် (၇၅)နှစ်ကျော်ခဲ့ပြီဖြစ်သော ဆရာသန်းသည် အသက်ရှည်ရာ အနာမဲ့ကြောင်းကို ဉာဏ်ဖြင့်ယှဉ်၍ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ် ၃–မျိုးတို့၏ အထောက်အပံ့ဖြင့် အသက်မွေးတတ်ပေသောကြောင့် ရှေ့အဘို့၌ ဆရာသန်းသည် မည်မျှ အသက်ရှည်ဦးမည်ဟု မခန့်မှန်းနိုင်သေးပါ။

ဗုဒ္ဓမြတ်ဘုရား ရွှေလက်ထက်တော်က အသက်တရာတန်းဟု ယေဘုယျအားဖြင့်သာ ဆိုခြင်းဖြစ်ပါ၏။ တရာထက်ကျော်လွန်သော ပုဂ္ဂိုလ်ထူးတို့လည်း တဦးတလေ ရှိတတ်ပါသေး၏။ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ ဗာဝရိယပုဏ္ဏား၊ သေလ၊ ပေါက္ခရသာတိ၊ ဗြဟ္မာယုဆရာကြီး၊ ဝိသာခါကျောင်းအမတို့သည် အသက် ၁၂၀–ရှည်ကြသတဲ့။ အရှင်အနုရုဒ္ဓါသည် အသက် ၁၄၀–ရှည်တော်မူသတဲ့။ အရှင်ဗာကူလသည် အသက် ၁၆၀–ရှည်သတဲ့ဟု အဆိုရှိပါသည်။

## (ဒီဃနိကာယ် အဋ္ဌကထာ ၂–၆)

### မွေးနေ့အလှူ

ဆရာသန်းသည် သူ၏သက်တမ်း (၇၅)နှစ်ပြည့်မြောက်သည့် စိန်ရတု အလှူမင်္ဂလာ၊ ဆရာကတော် ဒေါ်စိန်းရင်၏ (၇၃)နှစ်ပြည့်မြောက်သည့် အလှူမင်္ဂလာနေ့က ပင့်သံဃာ ၁၀၈–ပါးတို့အား အရဏ်မုန့်ဟင်းခါး ဆွမ်းနှင့် ခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လုပ်ကျွေးခဲ့ပါ၏။ ကျပ်ငွေ (၃၀၀၀ိ/–)သုံးထောင်ကျော်တန် ပဒေသာပင်မှ သင်္ကန်းပရိက္ခရာ ကော်ဇော၊ ထီး၊ ဘိနပ်၊ လက်နှိပ်ဓာတ်မီး၊ ဆေးဝါး၊ ပစ္စည်းဝတ္ထု အစုစုတို့ကိုလဲ မဲချ၍ လှူဒါန်းခဲ့ပါ၏။ လူပရိသတ် (၅၀၀)ကျော် တို့အားလဲ မုန့်ဟင်းခါး စသည်တို့ဖြင့် ဧည့်ခံကျွေးမွေး အလှူပေးခဲ့သည့်အပြင် ဆေးတထောင်ကျော်ဘိုး လှူဒါန်းခဲ့ပါ၏။

### အနုမောဒနာတရား

ယင်းအလှူတော်ပွဲ၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား အနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူရန် အထူးတလည် ပင့်လျှောက်ထားပါ၏။ ဆရာတော်ဘုရားကြီးသည် မြို့တွင်းရွာတွင်းသို့ ဆွမ်းစားကြွလေ့မရှိပါ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က သပ္ပါယဖြစ်အောင် ချက်ပြုတ်ဆက်ကပ်သော ဆွမ်းဖြင့်သာ မျှတတော်မူလေ့ရှိသောကြောင့် အရဏ်ဆွမ်း ဘုဉ်းပေးမှီ ကြွတော်မမူ၊ ဆရာသန်းသည် သာသနာ့ရိပ်သာ၌ ရဟန်းရှင်လူ ယောဂီတို့၏ ကျန်းမာရေးအတွက် ကျေးဇူးများခဲ့သော ဒါယကာလဲဖြစ်ပြန် အထူးတလည်ကျင်းပအပ်သော အလှူပွဲလဲ ဖြစ်ပြန် ကြွနိုင်လောက်သော အကြောင်းလဲ ညီညွတ်ပြန်သောကြောင့် ထိုနေ့က ရိပ်သာ၌ပင် အရဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးမှပင် ကြွရောက်တော်မူ၍ အနုမောဒနာတရား ချီးမြှင့်တော်မူခဲ့လေသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ဤစာအုပ်ပါ ဆရာတော်ဘုရားကြီး၏ တရားတော်ကို ဖတ်ရှုနာကြားခွင့်ရခြင်း ဖြစ်ပါသည်။

### ပဓာနအရင်းခံ ဆုတောင်းရမှာက

ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အနုမောဒနာ တရားတော်မှာ အဘိုးတန်လှပါ၏၊ ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌ ပါဠိတော်လာ၊ နိဓိကဏ္ဍသုတ်ကို ဦးတည်၍ ဟောကြားတော်မူသော အနုမောဒနာ တရားတော် ဖြစ်ပါ၏၊ ရတနာရွှေအိုးများကို မြှုပ်နှံခြင်းဖြင့် လူ့လောက နတ်လောကတို့၌ အကောင်းဆုံး ချမ်းသာတွေ ရနိုင်ပုံတို့ကို ဟောတော်မူပြီးနောက် "ဒါပေမဲ့ လူ့ချမ်းသာ နတ်ချမ်းသာ ဆိုတာကတော့ ဆရာသန်းတို့ သိပြီးဖြစ်သည့် အတိုင်းဘဲ တကယ်ချမ်းသာတာ မဟုတ်ပါဘူး။ ဆင်းရဲတွေနဲ့ ရောနေတယ်၊ နောက်ဆုံးမှာ အိုရ နာရ သေရဦးမယ်ဆိုတော့ အဲဒါလဲ ဆင်းရဲမကင်းဘူး၊ ဒါကြောင့် ယနေ့ မွေးနေ့မင်္ဂလာ အထိမ်းအမှတ် အဖြစ်ဖြင့် သံဃာတော်များ၊ လူပရိသတ်များအား လှူဒါန်းရတဲ့ ကောင်းမှုကြောင့် ရနိုင်တဲ့ လူ့ချမ်းသာ နတ်ချမ်းသာတွေကို ပဓာနအရင်းခံ အနေဖြင့် ဆုမတောင်းဘဲ ဆင်းရဲခပ်သိမ်း ငြိမ်းရာ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုသာ ပဓာနအရင်းခံအနေဖြင့် ဆုတောင်းဘို့ပါဘဲဟု လမ်းညွှန်ဟောပြပြီးလျှင် "နိဗ္ဗာန်ချမ်းသာကို ပဓာနအားဖြင့် ရည်ရွယ် ဆုတောင်းပြီး ရေစက်သွန်းချ အမျှပေးဝေရမယ်၊ မိမိတို့ အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ အပေါင်းနှင့် ပြည့်စုံကြပါစေ"ဟု တရားနိဂုံးချုပ်လိုက်ပါသည်။

## စားဦးစားဖျားလှူပြီးမှ စားလေ့ရှိသောမင်း

ဒုဋ္ဌဂါမဏိ မင်းသားသည် တိဿမင်းသား လိုက်မလာတော့သည်ကို သိတော်မူ၍ တောင်ကြား၌ ရပ်နားအပန်းဖြေ လေမှပင် ဆာလောင် မွတ်သိပ်ရမှန်း သိလာပြီး နောက်ပါအမတ်အား စားဘွယ်တခုခုကို အရှာခိုင်း၏၊ အမတ်က အိမ်မှ အသင့်ပါလာသော ထမင်းထုပ်ကို မင်းသားအား ပေး၏၊ မင်းသားက "လေးပုံပုံပြီး စားကြပါစို့"ဟု ပြော၏၊ အမတ်က "ကျွန်ုပ်တို့မှာ မြင်းပါမှ သုံးဦးသာရှိပါသည်၊ လေးပုံပုံဘို့မလိုပါ"ဟု ပြောပြ၏။ မင်းသားက သူသည်သိတတ်သည့် အရွယ်မှ စ၍ စားဦးစားဖျားကို သံဃာအားလှူပြီးမှ စားလေ့ရှိကြောင်း သို့ဖြစ်၍ သံဃာလှူရန် တပုံပုံပါဟု ပြော၏၊ "တောကြီး တောင်ကြား၌ ဘယ်ကလာပြီး ရဟန်းသံဃာ ရနိုင်ပါမည်နည်း"ဟု အမတ်က ပြောပြသောအခါ မင်းသားက "ပုံသာပုံပါ၊ ပြီးလျှင် "ဆွမ်းပွဲ ပြင်ပြီးပါပြီ၊ အရှင်ဘုရားတို့ ဆွမ်းခံကြွတော်မူပါဘုရား"ဟု ကြွေးကြော်ပါ"ဟု အမိန့်ပေး၍ အမတ်မင်းသည် သုံးကြိမ်ကြိမ်တိုင်တိုင် ဟစ်ကြွေးလိုက်လေသည်။

## ကောင်းကင်မှ ကြွလာခြင်း

ပိယင်္ဂုကျွန်း၌ သီတင်းသုံးတော်မူသော ရဟန်းတော် ငါးရာတို့တွင် ဂေါဒေါမက ရဟန္တာမထေရ်ကြီးသည် အဘိညာဉ် ဖြင့် ကြားတော်မူ၍ မထေရ်တပါးကို ကြွရောက်အလှူခံရန် တိုက်တွန်း၏၊ မထေရ်သည် သင်္ကန်းရုံ၍ သပိတ်ပိုက်ကာ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏၊ ဒုဋ္ဌဂါမဏိမင်းသားနှင့် အမတ်တို့သည် လက်အုပ်ချီ၍ ကောင်းကင်ကို မော့ကာ ခရီးဦး ကြိုစဉ် မထေရ်ကြီးသည် သက်ဆင်း၍ ဆွမ်းကို အလှူခံ၏၊ ဒုဋ္ဌဂါမဏိမင်းသားသည် ဆွမ်းတပုံကို လောင်းလှူပြီးမှ "ဒီ ဆွမ်းမှုလောက်နဲ့ ဝမှာမဟုတ်၊ ငါ့အသက် သေချင်သေပါစေ၊ ငါ့အတွက်တပုံကိုပါ လောင်းလှူလိုက်၏၊ အမတ်နှင့် မြင်း ကလဲ ထိုနည်းအတူပင် လှူလိုက်ကြပြန်သောကြောင့် ရဟန္တာမထေရ်သည် ဆွမ်းလေးပုံလုံးကိုခံယူ၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏၊ တန်ခိုးတော်ဖြင့်လဲ မင်းသား အမတ်နှင့် မြင်းတို့ မြင်နိုင်အောင် ဖန်ဆင်းလေသည်။

## ရဟန္တာငါးရာတို့ ဆွမ်းဘုဉ်းပေးရပုံ

မင်းသားအမတ်နှင့် မြင်းတို့သည် မထေရ်မြတ်ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပုံ၊ ပိယင်္ဂုကျွန်းသို့ ရောက်သော အခါ ရဟန္တာငါးရာတို့အား ဆွမ်းလောင်းလှူပုံ၊ ဆွမ်းဘုဉ်းပေးတော်မူကြပုံ၊ ဆွမ်းတွေ မကုန်နိုင်ပုံတို့ကို မြင်တွေ့ကြရသော် ယုံကြည်သဒ္ဓါ စေတနာတို့ ဝေဖြာပြီးလျှင် အလွန်တရာ ဝမ်းသာအားရဖြစ်ကြ၏၊ ဆွမ်းတွေ မကုန်နိုင်ပုံကို မြင်ရသောအခါ ငါတို့လဲ စားရပါမှ ကောင်းလေစွာ့ဟု ဆန္ဒဖြစ်ကြလေသည်။

မထေရ်မြတ်သည် ဆွမ်း ဒါယကာတို့ စိတ်ကို သိတော်မူ၍ သပိတ်ကို ပိုက်ပြီးသော် ကောင်းကင်ခရီးဖြင့် ကြွလာကာ ဒုဋ္ဌဂါမဏိမင်းသားတို့ ၃-ဦးအား ဆွမ်းသပိတ်ကို ပေးလေသည်၊ မင်းသား အမတ်နှင့် မြင်းတို့သည် သပိတ်၌ ပါလာသော ဆွမ်းကျန်တို့ကို အဝစားကြသော်လည်း မကုန်နိုင်၊ သပိတ်ကို ရေဖြင့်ဆေးလိုက်မှပင် ကုန်လေသည်၊ သပိတ်ကို မထေရ် မြတ်အား ပြန်ကပ်လိုက်၏၊ မထေရ်မြတ်လဲ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏၊ မင်းသားတို့ သုံးဦးသားလဲ ယနေ့ ပြုရသော ကုသိုလ်အထူးကို ဝမ်းမြောက်စွာ ပြန်လည်ဆင်ခြင်ရင်း တိုင်းပြည်သို့ ပြန်လာခဲ့ကြသည်။

## စစ်ပြေငြိမ်းခြင်း

ဒုဋ္ဌဂါမဏိမင်းသားနှင့် တိဿမင်းသားတို့ အချင်းချင်းစစ်ပြေငြိမ်းကြ၍ ကျေးကလားတို့ကို နှိမ်နင်းကြပြီးလျှင် တိုင်းပြည်ကို သာယာဝပြောအောင် ထူထောင်ကြကုန်လျက် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ရင်း အေးချမ်းစွာဖြင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြကုန်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် အသက်အရွယ်တော် ကြီးရင့်၍ ကုသိုလ်ကောင်းမှု အမျိုးအမျိုးတို့ကို ပြုလုပ်ရင်းက မမာ မကျန်း ဖြစ်လာ၏၊ အပြီးမသတ်သေးသော မဟာစေတီကြီးကို ဖူးမျှော်ရင်း သုမဏိရကွင်းပြင်၌ စံနေတော်မူစဉ်၊ ပိဋကတ် ကျမ်းစာတို့ကို နာကြားရာမှရပ်နား၍ မင်းကြီး၏ဘဝတသက်တာ၌ ပြုလုပ်ခဲ့သော ကုသိုလ်တော်စာရင်းတို့ကို စာရင်းဝန်အား အဖတ်ခိုင်းလေသည်။

ကုသိုလ်တော်စာရင်းတို့က များလှပါဘိ၊ ဖတ်၍ မကုန်နိုင်အောင်ရှိတော့၏၊ မင်းသားအဖြစ်တုန်းက ကုသိုလ်တော် စာရင်းကို ဖတ်ပြသောအခါ ညီနောင်နှစ်ပါး စစ်ဖြစ်စဉ်က တောတွင်း၌ ဒုက္ခရောက်စဉ် ခဲယဉ်းစွာလှူခဲ့ရသော ဆွမ်းစာရင်းကို ကြားနာရသော် ဒုဋ္ဌဂါမဏိမင်းကြီး၏ နှလုံးသား၌ ဆောက်ဖြင့်ထွင်း၍ မှတ်ထားသကဲ့သို့ပင် တောတွင်း၏ရှုခင်းနှင့်တကွ ကောင်းကင်ခရီးမှ ရဟန္တာမထေရ်မြတ်ကြွလာပုံ၊ သဒ္ဓါစေတနာတွေဖြစ်ခဲ့ပုံ၊ တယောက်စာထမင်းကို လေးယောက်ခွဲစားရန်

စီစဉ်ပြီးကာမှ ထက်သန်သော စေတနာကြောင့် သုံးဦးသားလုံး မစားကြတော့ပဲ လှူလိုက်ကြပုံတို့သည် အရိပ်ပမာ ယခုပင် လှူနေရသလို ထင်လာ၍ ကြက်သီးမွေးညင်းများပင် ထလာတော့၏၊ ဤဆွမ်း ကုသိုလ်ပြုလုပ်ခဲ့စဉ်က စေတနာ အလွန်တရာ ဖြူစင်လှပါဘိ၊ ပကာသန မပါ၊ သဒ္ဓါထက်ထက်နှင့် ရက်ရက်ရောရော ရှိပါဘိဟု ဆင်ခြင်မိသော ဒုဋ္ဌဂါမဏိမင်းကြီးသည် အလှူတော်စာရင်းကိုဖတ်နေသော စာရင်းဝန်အား လက်ပြ၍ ရပ်နားစေပြီး ကြည်နူးနှစ်သိမ့်နေစဉ် အာကာသဝေဟင်မှ နတ်သမီး နတ်သားတို့ မြောက်မြားစွာပါလာသော နတ်ရထားတို့ဆိုက်လာသောကြောင့် မင်းကြီးသည် ရှေ့ဆုံးမှနတ်ရထား ထက်သို့ တက်မိသည်နှင့်တပြိုင်နက် သာယာငြိမ့်လေးသော နတ်တူရိယာသံတို့နှင့်အတူ အာကာသဝေဟင်သို့ နတ်ရထားတို့ တက်သွားကြလေတော့သတည်း။

## (အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယအုပ်–၁၀၅)

ဒုဋ္ဌဂါမဏိမင်းကြီး၏ အလှူတော်စာရင်း ရေးမှတ်ထားခဲ့ပုံနှင့် သဘာဝဓမ္မဆရာသန်း၏ အလှူတော်စာရင်း ရေးမှတ်ထားပုံမှာ ကနဦးအစက တူကောင်းတူမည်ဖြစ်သော်လည်း နောက်ပိုင်း၌ ဦးတည်ချက်ခြင်းကတော့ တူမည်မဟုတ်ပါ။

သဘာဝဓမ္မ ဆရာသန်းသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ကောင်းစွာရှုမှတ်ပြီး ထင်မြင်ပြီးသူ ဝိပဿနာယောဂီ တဦးဖြစ်၍၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော တရားတော်အတိုင်းပင် အိုကြရ၊ နာကြရ၊ သေကြရဦးမည်ဖြစ်သော လူ့ချမ်းသာ နတ်ချမ်းသာတို့က ဒုက္ခမကင်းသေး၍ တောင့်တမည်မဟုတ်ပါ၊ မအို မနာ မသေရာဖြစ်၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဘို့ရာ ဦးတည်ချက်ရှိသူဖြစ်ပါသည်။

ဆရာသန်းသည် မရဏာသန္နအခါ၌ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရေးအတွက် နည်းမှန်လမ်းကျ ရှုမှတ်ဘို့ရာ တရား ရှိပြီး ဖြစ်ကြောင်း သိရပါသည်။

ဤသည်လျှင် ဤမည်သော အနုမောဒနာတရားတော် စာအုပ်နှင့်စပ်သော အမှာစကားရပ်အပြီးသပ်ပါပြီ။

မင်္ဂလာပါခင်ဗျား<br>
မင်္ဂလာအောင်မြင့်<br>
၅/၆ စိန်မေတ္တာလမ်း–ဟာမစ်တိတ်<br>
ဗဟန်းမြို့နယ်–ရန်ကုန်တိုင်း

၁၃၄၀–ခု၊ ဝါခေါင်လဆန်း (၁)ရက်။

**သဘာဝဓမ္မ ဆရာသန်း၏ မွေးနေ့အလှူအတွက်**
**အဂ္ဂမဟာပဏ္ဍိတ**
**ကျေးဇူးတော်ရှင်**
**မဟာစည်ဆရာတော်ဘုရားကြီး**
**ဟောကြားတော်မူသော**

# အနုမောဒနာတရားတော်

## တရားအနုသန္ဓေ

ဒီကနေ့ သဘာဝဓမ္မ ဆရာသန်း ဆရာကတော် ဒေါ်စိန်းရင်တို့ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ်ဖြင့် သံဃာတော်အား မွန်မြတ်သော မုန့်ဟင်းခါးဆွမ်း ခဲဘွယ် ဘောဇဉ်တွေ ဆက်ကပ်ပြီး အမျိုးမျိုးသော အလှူဝတ္ထုတွေကို လှူဒါန်းတဲ့ကိစ္စမှာ–

> အာသဝေါ တရားလေးပါးတို့၏ ကုန်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ သဘာဝဓမ္မ ဆရာသန်း အသက် (၇၅)နှစ်မြောက်နှင့် ဆရာကတော် ဒေါ်စိန်းရင် အသက် (၇၂)နှစ်မြောက် မွေးနေ့ အလှူတော်မင်္ဂလာကို ကျင်းပပြုလုပ်မည်ဖြစ်ရာ သံဃာတော် အရှင်မြတ် (၁၀၈)ပါးတို့အား မုန့်ဟင်းခါးဆွမ်းနှင့် ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ကော်ဇော, သင်္ကန်း ပရိက္ခရာ, ထီး, ဘိနပ်, မျက်နှာသုတ်ပုဝါ, လက်နှိပ်ဓာတ်မီး, ဖောင်တိန်, ဆေးပုလင်း အစရှိသော ငွေကျပ် (၃၀၀၀)ကျော်တန် ပဒေသာပင်မှ ဆွတ်ခူး၍ စာရေးတံမဲဖြင့် လှူဒါန်းခြင်း၊ ကြွရောက်လာသော သူတော်စင် ဧည့်ပရိသတ် (၅၀၀)ကျော်တို့အား မုန့်ခဲဘွယ် ချိုချဉ်အရသာတို့ဖြင့် ကျွေးမွေး၍ ဆေးတထောင်ကျော်ဘိုး လှူဒါန်းခြင်းတို့ကို ပြုလုပ်လိုပါသဖြင့် တဘက်ပါ အစီအစဉ်အရ ကြွရောက်သုံးဆောင်ပြီး အလှူတော်ကို ခံယူပါမည့်အကြောင်း ရှိသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်–လို့

ဖိတ်စာထဲမှာ ပါတဲ့အတိုင်းဘဲ သံဃာတော်တွေကို မုန့်ဟင်းခါး ဆွမ်းခဲဘွယ် ဘောဇဉ်တွေကပ်လှူ၍ သံဃာတော်တွေ ဘုဉ်းပေးပြီးတာနဲ့ အချိန်မှီရောက်အောင် ဘုန်းကြီးက လာခဲ့ရတယ်၊ နောက်ကျနေပြီလားလို့ စိုးရိမ်မိတယ်၊ ဒါပေမဲ့ ၆–၃၀ နာရီ အချိန် အနုမောဒနာ တရားဟောဘို့ ရေစက်ချဘို့ဆိုတဲ့ မူလရည်ရွယ်ထားတဲ့ အချိန်နဲ့တော့ အကိုက်ပါဘဲ။

အဲဒီမှာ ၆–၃၀မှ ၈–နာရီအထိ တရားဟောဘို့ဆိုတော့ တရားဟောဘို့ အချိန်က များနေပါတယ်၊ တနာရီခွဲလောက် ရှိနေပါတယ်။ ဒါပေမဲ့ သံဃာတော်တွေက ၅–၃၀ နာရီ မတိုင်မီ စောစောကတည်းက ရောက်နေကြပုံရပါတယ်၊ ၈–နာရီ တိုင်အောင် တရားဟောနေမယ်ဆိုရင် သံဃာတော်များ ထိုင်နေကြရတာ ကြာလွန်းမည် ဖြစ်သောကြောင့် တရားကို ခပ်တိုတို ဟောဘို့ ရည်ရွယ်ထားပါတယ်၊ နောက်ပြီးတော့ သံဃာတော်များအား မဲချလှူဒါန်းနေတာကလဲ တော်တော်ကြာမယ်၊ ဧည့်ပရိသတ်တွေ ကျွေးမွေးနေရတာကလဲ တော်တော်ကြာမှာဘဲ၊ ဒါကြောင့် ခပ်တိုတိုပဲ ဟောဘို့ စဉ်းစားထားပါတယ်။

## တရားလဲ အသစ်အဆန်းဟောဘို့ မလိုပါ

အလှူရှင် သဘာဝဓမ္မ ဆရာသန်းဆိုတာကလဲ ပဌမကတည်းက စာပေပရိယတ္တိ ဗဟုသုတတွေ ရှိပြီးသား ဖြစ်နေလို့ ဒီလို အနုမောဒနာ တရားတွေကိုလဲ စွမ်းနိုင်သမျှ လေ့လာပြီးသားပါဘဲ၊ ဆရာတော်တွေက ဟောပြတဲ့ တရားတွေလဲ ကြားနာဘူးနေတာပါဘဲ၊ ဒီတော့ ဘုန်းကြီးတို့က အသစ်အဆန်း တရားတွေကို ဟောနေစရာ မလိုပါဘူး။ ဒါပေမဲ့ အလှူဒါန ဖြစ်သည် အားလျော်စွာ ဝမ်းမြောက်ဝမ်းသာနဲ့ ကုသိုလ်တရားတွေ ထက်သန်စွာ ဖြစ်ပွားဘို့အတွက် အနုမောဒနာတရားဆိုတာ မြတ်စွာဘုရားရှင်က အမိန့်တော်ရှိထားတဲ့အတိုင်း ဟောရပါတယ်၊ ဟောဘို့ တာဝန်လဲရှိနေပါတယ်။ ယခုဟောမည့်တရားဟာ မကြားဘူးတဲ့ အသစ်တော့ ဟုတ်မှာမဟုတ်ပါဘူး၊ ကြားဘူးတဲ့ အဟောင်းဖြစ်မှာပါဘဲ၊ ဒါပေမဲ့ ကုသိုလ်ပြုနေဆဲမှာ နာရတော့ တရားအသစ်လိုပင် စိတ်ဓာတ်ကို တက်ကြွစေတတ်ပါတယ်၊ အကျိုးလဲ များစေတတ်ပါတယ်၊ ဒါကြောင့် အဲဒီလို အကျိုးလဲ များသင့်သမျှ များအောင်၊ သံဃာတော် အရှင်မြတ်တွေမှာလဲ ထိုင်နေရတာ အချိန်နည်းနိုင်သမျှ နည်းအောင် ခပ်တိုတို ဟောရမှာဘဲ။

## ဟောမည့်တရား၏နိဒါန်း

မြတ်စွာဘုရားလက်ထက်တော် အခါကာလက သာဝတ္ထိမြို့ထဲမှ သေဋ္ဌေးတဦးက မြတ်စွာဘုရားနှင့်တကွ သံဃာတော်တွေကို ပင့်ဖိတ်ပြီးတော့ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တွေကို ဆက်ကပ်လှူဒါန်းနေတယ်။ အဲဒီတုန်းက သံဃာတော်ဟာ အင်မတန် များမှာပါဘဲ၊ အဲဒီလို ဆက်ကပ်လှူဒါန်းနေတုန်း ပသေနဒီ ကောသလမင်းကြီးက အဲဒီ သေဋ္ဌေးကြီးထံမှ ငွေကြေးဘက်က အကူအညီ လိုနေတဲ့အတွက် မင်းချင်းတယောက်ကို အဲဒီသေဋ္ဌေးကြီးထံ သွားရောက်ပြီး ခေါ်စေတယ်၊ မင်းချင်း သံတမန်ဖြစ်တဲ့လူက အဲဒီအလှူရှင် သေဋ္ဌေးကြီးထံ လာရောက်ပြီး အကြောင်းကြားတယ်။

အဲဒီတော့ သေဋ္ဌေးကြီးက ဒီလို ပြန်ပြောတယ်၊ ကောင်းပါပြီ မိတ်ဆွေ လာခဲ့ပါမယ်၊ ပြန်သွားနှင့်ပါတော့၊ ယခုလောလောဆယ်တော့ ရတနာရွှေအိုးတွေ မြှုပ်နှံနေဆဲမို့ မလာနိုင်သေးပါဘူး၊ ရတနာရွှေအိုးတွေ မြှုပ်နှံပြီးတဲ့အခါကျတော့ လာခဲ့ပါမယ်၊ အဲဒီအကြောင်းအရာကို မင်းကြီးထံ သံတော်ဦးတင် ပြောကြားလိုက်ပါလို့လဲ မှာလိုက်တယ်၊ မင်းချင်းယောကျ်ားက ပြန်သွားပြီးတော့ အဲဒီအကြောင်းကို မင်းကြီးထံ သံတော်ဦးတင် ပြောကြားလိုက်တယ်။ အဲဒီတော့ ပသေနဒီ ကောသလမင်းကြီးက "ဆွမ်းလှူပြီး ရွှေအိုးမြှုပ်နှံနေတယ်" ဆိုတာကို နားလဲလည်ပါတယ်၊ သဘောလဲကျပြီး ဝမ်းမြောက်ပါတယ်၊ ဒါကြောင့် ဆွမ်းလှူပြီးနောက် အဲဒီသေဋ္ဌေးက သူ့ထံလာရောက်ပြီး ပြောကြားတဲ့အခါ (ရာဇာ အတိဝိယ တုဋ္ဌော) ဘုရင်မင်းကြီးက အလွန်ပင်နှစ်သက်အားရ သဘောကျကြောင်းကိုလဲ အဋ္ဌကထာမှာ ပြဆိုထားတယ်၊ (မာဒိသေဟိပိ အနာဟရဏီယံ နိဓိံ နိဓေတိ) ငါလို အာဏာပိုင် ပုဂ္ဂိုလ်များကတောင် မယူနိုင်တဲ့ ရတနာရွှေအိုးကို မြှုပ်နှံပါပေတယ်လို့ ချီးမွမ်းကြောင်းလဲ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

အဲဒါဟာ သဒ္ဓါတရားရှိတဲ့ မင်းဖြစ်လို့ ဝမ်းမြောက် ဝမ်းသာနဲ့ ခွင့်ပြုသဘောတူတာဘဲ၊ သဒ္ဓါတရား မရှိယင်တော့ အဲဒီတုန်းက ဘုရင်မင်း ဆိုတာတွေဟာ သူတို့သဘောအတိုင်း ပြုလုပ်နိုင်တဲ့ အာဏာရှင်တွေဘဲ၊ "ငါခေါ်တာ မလာရမလား၊ ငါ့အမိန့်ကို မနာခံရမလား"လို့ အမျက်ဒေါသ အကြီးအကျယ်ဖြစ်ပြီး အပြစ်ပေးဘို့ရာ ရှိနေတာပါဘဲ၊ ပသေနဒီကောသလမင်းကြီးကတော့ သဒ္ဓါတရား ပြည့်ဝပြီး ဘုရား တရား သံဃာ ရတနာသုံးပါးကို အလေးအမြတ် ကိုးကွယ်နေသူ ဖြစ်တဲ့အတွက် အဲဒီ သေဋ္ဌေးကြီးထံမှ ပြန်ကြားလိုက်တာကို ကျေနပ်သဘောတူပါတယ်၊ "အင်း ဟုတ်ပေတယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူဒါန်းပြီး ကုသိုလ်ကောင်းမှုတည်း ဟူသော ရတနာရွှေအိုးတွေ မြှုပ်နှံနေတဲ့ အချိန်ကာလကြီးဆိုတော့ မလာနိုင်ပေဘူး"လို့ ယောနိသောမနသိကာရဖြင့် ဆင်ခြင်ပြီး မင်းကြီးက သဘောတူတာပါဘဲ။ အဲဒီ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တွေ လှူဒါန်းလို့ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တွေက ဘုဉ်းပေး သုံးဆောင်ပြီးတဲ့ အခါကာလမှာ မြတ်စွာဘုရားက ဒီလို အနုမောဒနာ တရားကို ဟောကြားတော်မူပါတယ်။

## နိဓိကဏ္ဍသုတ် တရားတော်

၁။ နိဓိံ နိဓေတိ ပုရိသော၊
ဂမ္ဘီရေ ဩဒကန္တိကေ။
အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊
အတ္ထာယ မေ ဘဝိဿတိ။

ပုရိသော–အမြော်အမြင် အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ နိဓိံ–ရတနာ ရွှေငွေအိုးကို၊ နိဓေတိ –သိမ်းဆည်း မြှုပ်နှံထားသည်–တဲ့၊ ဘယ်လိုနေရာ မြှုပ်နှံထားသလဲဆိုတော့ ဂမ္ဘီရေ ဩဒကန္တိကေ–ရေထွက်လုနီးပါး နက်လှစွာသော မြေကြီးထဲ၌၊ နိဓေတိ–မြှုပ်နှံထားပါတယ်–တဲ့။

ရှေးခေတ်တုန်းက ယခုကာလမှာလို ငွေကြေးများ လုံခြုံအောင် သိမ်းဆည်းဘို့ရာ ဘဏ်တိုက် ဆိုတာက မရှိသေးဘူး၊ ဒါကြောင့် မြေကြီးထဲမှာဘဲ မြှုပ်နှံပြီး သိမ်းဆည်းထားရတယ်၊ မြေကြီးထဲမှာလဲ အနည်းငယ်လောက်သာ တူးပြီး တိမ်တိမ်ကလေး မြှုပ်နှံထားယင် သူတပါးတွေက အလွယ်တကူ ထုတ်ယူသွားမှာ စိုးရိမ်ရတယ်၊ ဒါကြောင့် ရေထွက်လုနီးပါး နက်အောင်တူးပြီး အဲဒီလောက်နက်တဲ့ မြေကြီးထဲမှာ မြှုပ်နှံထားရပါတယ် တဲ့၊ ဒီတရားကို ဟောရာဒေသ သာဝတ္ထိပြည် သာဝတ္ထိမြို့နယ်အရပ်ဆိုတာက မန္တလေး ရွှေဘိုဆိုတဲ့ အရပ်များနဲ့ တူပါလိမ့်မယ်၊ တချို့အရပ်များမှာ ရေထွက်အောင် ရေတွင်းတူးတဲ့အခါ အတောင်အစိတ် သုံးဆယ်လောက် တူးရတယ်၊ အဲဒီလို ရေထွက်လုနီးအထိ နက်အောင်တူးပြီး မြှုပ်နှံထားရပါတယ်တဲ့၊ ဘယ်လိုအရေးကိစ္စအတွက် မြှုပ်နှံထားရပါသလဲလို့ ဆိုတော့–

အတ္ထေ–အကျိုးစီးပွားနှင့် စပ်ဆိုင်သော၊ ကိစ္စေ–အမှုကိစ္စသည်၊ သမုပ္ပန္နေ–ဖြစ်ပေါ်လာလတ်သော်၊ မေ–ငါ၏၊ အတ္ထာယ–အကျိုးစီးပွား အလို့ငှါ၊ ဘဝိဿတိ–ဖြစ်ပေလတ့်၊ (ဣတိ–ဤသို့ ရည်ရွယ်မျှော်လင့်၍၊) နိဓေတိ–မြှုပ်နှံပါသည်တဲ့။

စားဝတ်နေရေး စသည်အတွက် အရေးကြီးတဲ့ အကြောင်းကိစ္စပေါ်လာယင် အဲဒီကိစ္စတွေ ပြေရှင်းစေနိုင်ဘို့ မြှုပ်နှံထားတာပါတဲ့၊ အဲဒါကတော့ ထင်ရှားသိသာပါတယ်။ နောက်ပြီးတော့ မင်းရေးစိုးရေးကိစ္စ၊ လူဆိုး–သူဆိုး–သူခိုး–ဓမြ ကိစ္စ စသည်တွေ အတွက်လဲ မြှုပ်နှံသိမ်းဆည်းထားရခြင်း ဖြစ်ပါတယ်တဲ့။

၂။ ရာဇတော ဝါ ဒုရုတ္တဿ၊
စောရတော ပီဠိတဿ ဝါ။
ဣဏဿ ဝါ ပမောက္ခာယ၊
ဒုဗ္ဘိက္ခေ အာပဒါသု ဝါ။
ဧတဒတ္ထာယ လောကသ္မိံ၊
နိဓိ နာမ နိဓီယတိ။

ဒုရုတ္တဿ–ခိုးမှု မတရားကျင့်မှု စသည်ဖြင့် ဆိုးဝါးစွာ စွပ်စွဲ၍ ရုံးတင် ခံရလျှင်၊ ရာဇတော–မင်းပြစ် မင်းဒဏ်မှ၊ ပမောက္ခာယ ဝါ–လွတ်မြောက်ရန် အလို့ငှါငှင်း၊ ပီဠိတဿ–လူဆိုး သူဆိုးတို့က နှိပ်စက်၍ တောင်းရမ်းလျှင်၊ စောရတော–သူခိုးဓမြခေါ် လူဆိုးသူခိုးတို့မှ၊ ပမောက္ခာယ ဝါ–လွတ်မြောက်ရန် အလို့ငှါငှင်း၊ ဣဏဿ–ကြွေးမြည်မှ၊ ပမောက္ခာယ ဝါ–လွတ်မြောက်ရန် အလို့ငှါငှင်း၊ ဒုဗ္ဘိက္ခေ–အစာရှားပါးသော အခါ၌၊ အာပဒါသု–ဘေးရန် ပေါ်လာသောအခါတို့၌၊ ပမောက္ခာယ ဝါ–လွတ်မြောက်ရန် အလို့ငှါငှင်း၊ ဘဝိဿတိ–ဖြစ်ပေလတ့်၊ ဧတဒတ္ထာယ–ဤကဲ့သို့သော အကျိုးများအတွက်၊ လောကသ္မိံ–လောက၌၊ နိဓိနာမ–ရတနာရွှေငွေအိုး မည်သည်ကို၊ နိဓီယတိ–မြှုပ်နှံထားအပ်ပေသည်တဲ့။ (မဟာစည်ဆရာတော် ဟောစဉ်က အချိန် မကြာစေရန် ဤဂါထာကို မဟောပဲ ချန်ထားသည်။)

ဟိုရှေးခေတ်တုန်းက သုံးစွဲရန် မလိုတဲ့ ပစ္စည်းများကို ယခုပြောခဲ့တဲ့အတိုင်း ရည်ရွယ်ပြီး မြေကြီးထဲ မြှုပ်နှံသိမ်းဆည်းထားတာဟာ အကောင်းဆုံးဘဲ၊ ယခုနေအခါကာလမှာတော့ ဘဏ်တိုက်တွေက ရှိနေသောကြောင့် အသုံးမလိုတဲ့ အပိုပစ္စည်းများရှိနေယင် အဲဒီဘဏ်တိုက်များမှာ သွင်းပြီး သိမ်းထားကြရတယ်၊ အဲဒီလိုထားယင် လုံခြုံရုံတွင် မကသေးဘူး၊ အတိုးအမြတ်တောင်ရသေးတယ်၊ သိပ်နေရာကျတာဘဲ၊ ဟိုတုန်းက မြေကြီးထဲ မြှုပ်နှံပြီး သိမ်းထားတာကတော့ အတိုးမရှိပါဘူး၊ လုံခြုံရုံမျှပါဘဲ၊ ဒါတောင်မှ အကြောင်းမညီညွတ်ယင် ဆုံးပါးပျက်စီးတတ်သေးကြောင်းလဲ ဒီသုတ်မှာ ဟောပြထားပါသေးတယ်။ (အဲဒီဖော်ပြပုံကိုတော့ အချိန်မကြာစေလိုတဲ့အတွက် ဟောစဉ်က ချန်ထားခဲ့တယ်၊ ယခုတော့ ပြည့်စုံအောင် ဖော်ပြပါဦးမယ်။)

၃။ တာဝ' သုနိဟိတော သန္တော၊
ဂမ္ဘီရေ ဩဒကန္တိကေ။
န သဗ္ဗော သဗ္ဗဒါ ဧဝ၊
တဿ တံ ဥပကပ္ပတိ။

၄။ နိဓိ ဝါ ဌာနာ စဝတိ၊
သညာ ဝါဿ ဝိမုယှတိ။
နာဂါ ဝါ အပနာမေန္တိ၊
ယက္ခာ ဝါပိ ဟရန္တိ နံ။

၅။ အပ္ပိယာ ဝါပိ ဒါယာဒါ၊
ဥဒ္ဓရန္တိ အပဿတော။
ယဒါ ပုညက္ခယော ဟောတိ၊
သဗ္ဗမေတံ ဝိနဿတိ။

ဂမ္ဘီရေ ဩဒကန္တိကေ–ရေထွက်လုနီးပါး နက်စွာသော မြေကြီးထဲ၌၊ တာဝ သုနိဟိတော–ထိုမျှလောက် ကောင်းစွာ မြှုပ်နှံထားအပ်သည်၊ သန္တော–ဖြစ်ငြားသော်လည်း၊ သဗ္ဗော–အလုံးစုံသော၊ တံ–သော–ထိုရတနာရွှေအိုးသည်၊ သဗ္ဗဒါ ဧဝ–အခါခပ်သိမ်းသာလျှင်၊ တဿ–ထိုမြှုပ်ထားသူအား၊ န ဥပကပ္ပတိ–အကျိုးဖြစ်စေသည်ကား မဟုတ်ပေ။

နိမိ ဝါ–မြှုပ်နှံထားသော ရွှေငွေအိုးသည်မူလည်း၊ ဌာနာ–မူလဌာနမှ၊ စဝတိ–မြေရေ၏ အခြေအနေအရ ရွေ့သွားတတ်၏။ အသာ–ထိုမြှုပ်နှံထားသူ၏၊ သညာ ဝါ–အမှတ်အသားသည်မူလည်း၊ ဝိမုယှတိ–မေ့သွားတတ်၏။ နာဂါ ဝါ–နဂါးတို့ကမူလည်း၊ အပနာမေန္တိ–အခြားအရပ်သို့ ပြောင်းရွှေ့တတ်ကုန်၏၊ ယက္ခာ ဝါပိ–ဥစ္စာစောင့် နတ်ဘီလူးတို့ကမူလည်း၊ နံ–ထိုရွှေငွေအိုးကို၊ ဟရန္တိ–ဆောင်သွားတတ်ကုန်၏။

အပ္ပိယာ–မုန်းအပ်ကုန်သော၊ ဝါ–မလိုလားအပ်ကုန်သော၊ ဒါယာဒါ ဝါပိ–အမွေခံဖြစ်သူတို့ကမူလည်း၊ နံ–ထိုရွှေငွေအိုးကို၊ အပဿတော–ပိုင်ရှင်မမြင်စဉ်၊ ဥဒ္ဓရန္တိ–ထုတ်ဆောင်သွားတတ်ကုန်၏၊ ယဒါ–အကြင်အခါ၌၊ ပုညက္ခယော ဟောတိ–ကောင်းမှုကံ ကုန်သွား၏၊ တဒါ–ထိုအခါ၌၊ ဇတံ–ဤရတနာ ရွှေငွေအိုးသည်၊ သဗ္ဗံ–အလုံးစုံပင်၊ ဝိနဿတိ–ပျက်စီးတတ်ချေသည်။

## (ဤ ၃–ဂါထာလဲ မူလဟောစဉ်က ချန်ထားသည်)

အဲဒီလို အပိုအမိုပစ္စည်းတွေကို မြေကြီးထဲ မြှုပ်နှံထားတာရယ်၊ ဘဏ်တိုက်မှာသွင်းပြီး သိမ်းထားတာရယ်၊ အဲဒါတွေဟာ လောကအနေအားဖြင့် ခိုင်လုံပါတယ်၊ ကောင်းမြတ်ပါတယ်၊ ရှေးခေတ်ကရော ယခုခေတ်ရော သူ့ခေတ်အားလျော်စွာ အကောင်းဆုံးပါဘဲ၊ အဲဒါထက်ကောင်းတာ မရှိဘူးလို့ ဆိုရမှာပါဘဲ။ အဲဒီလို မြှုပ်နှံထားယင်၊ သိမ်းသွင်းထားယင်၊ မသုံးစွဲရသေးပေမဲ့–အဲဒီပစ္စည်းတွေကို အာရုံပြုပြီး ဝမ်းမြောက်ရတယ်။ ငါ့မှာ မြှုပ်နှံထားတာ၊ သိမ်းသွင်းထားတာ ငွေတွေဘယ်လောက်ရှိတယ်လို့ အာရုံပြုပြီး ဝမ်းမြောက် ဝမ်းသာဖြစ်ရတယ်၊ အဲဒါကို အတ္ထိသုခ လို့ ခေါ်တယ်၊ ပစ္စည်းရှိနေတာကို အကြောင်းပြုပြီး စိတ်ချမ်းသာတဲ့ သဘောပါဘဲ။ မြှုပ်နှံထားရာကဖြစ်စေ၊ သိမ်းသွင်းထားတဲ့ ဘဏ်တိုက်က ဖြစ်စေ၊ ထုတ်ပြီး လိုရာတွေကို ဝယ်ယူသုံးဆောင်ရတဲ့ အခါဖြစ်တဲ့ ချမ်းသာကိုတော့ ဘောဂသုခ လို့ခေါ်တယ်။ အဲဒီချမ်းသာနှစ်မျိုးလုံးဟာ လောကအနေဖြင့် အကောင်းအမြတ်ဆုံးတွေပါဘဲ။ ဒါကြောင့် အဲဒီလို မြှုပ်နှံသိမ်းသွင်းထားတာဟာ ချီးကျူးစရာပါဘဲ။

ဒါပေမဲ့–အဲဒီလောကဆိုင်ရာ ရတနာရွှေအိုးတွေထက် ကုသိုလ်ကောင်းမှုဆိုတဲ့ ရတနာရွှေအိုးတွေက ပိုပြီးကောင်းမြတ်တယ်။ ကုသိုလ်ကောင်းမှုဆိုတဲ့ ရတနာရွှေအိုးကတော့ ဘယ်နည်းနဲ့မှ မပျက်နိုင်ဘူး။ အကျိုးအမြတ်တွေကလဲ အတိုင်းမသိအောင် များပြားတယ်။ တကျပ်ဖိုးလှူယင် အဲဒီ တကျပ်ဖိုးကုသိုလ်ဟာ ဘယ်တော့မှ မပျက်တော့ဘူး၊ အတိုးအမြတ်ကလဲ တိရစ္ဆာန်ကို ဝအောင်ကျွေးလှူတောင်မှ အဆတရာ ဘဝတရာ အကျိုးပေးတတ်တယ်၊ သာသနာပသီလမရှိတဲ့လူကို ကျွေးလှူယင် အဆတထောင် ဘဝတထောင် အကျိုးပေးတတ်တယ်၊ သာသနာပ သီလရှိတဲ့လူကို ကျွေးလှူယင် အဆတသိန်း ဘဝတသိန်း အကျိုးပေးတတ်တယ်။ သာသနာပဈာန်ရပုဂ္ဂိုလ်ကို ကျွေးလှူယင် အဆကုဋေတသိန်း ဘဝကုဋေတသိန်း အကျိုးပေးတတ်တယ်။ သာသနာတွင်း၌ သောတာပန်ဖြစ်အောင် ကျင့်နေတဲ့ပုဂ္ဂိုလ်ကို ကျွေးလှူယင် မည်ရွေ့မည်မျှဟာ မရေမတွက်နိုင်အောင် များပြားတဲ့ အသင်္ချေအကျိုးကို ပေးတတ်တယ်။ အဲဒီမှာ သောတာပန်ဖြစ်အောင် ကျင့်နေတဲ့သူဆိုတာ သရဏဂုံတည်တဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်ကစပြီး ယူရမယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။ ဒါကြောင့် သရဏဂုံတည်သူကို လှူယင်လဲ အကျိုးကြီးလှပြီလို့ ယူရပါတယ်။ အဲဒါထက် ငါးပါးသီလ၌ တည်သူကို ကျွေးလှူယင် သာပြီးအကျိုးကြီးတယ်။ အဲဒါထက် ဆယ်ပါးသီလ၌ တည်သူကို ကျွေးလှူယင် သာပြီးအကျိုးကြီးတယ်။ အဲဒါထက် ရှင်သာမဏေကို ကျွေးလှူယင် သာပြီး အကျိုးကြီးတယ်။ အဲဒါထက် ရဟန်းကို ကျွေးလှူယင် သာပြီး အကျိုးကြီးတယ်။ အဲဒါထက် ဝိပဿနာရှုနေသူကို ကျွေးလှူယင် သာပြီးအကျိုးကြီးတယ်။ အဲဒါထက် ဥဒယဗ္ဗယဉာဏ် စသည်ရောက်နေတဲ့သူကို ကျွေးလှူယင် သာပြီးအကျိုးကြီးတယ်။ သောတာပတ္တိမဂ်သို့ ရောက်ဆဲပုဂ္ဂိုလ်ကို ကျွေးလှူယင် အကျိုးအကြီးဆုံးဖြစ်ကြောင်း ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။

အဲဒီ သောတာပန်ဖြစ်အောင် ကျင့်ဆဲပုဂ္ဂိုလ်ကို လှူတာထက် သောတာပန်ဖြစ်ပြီး ပုဂ္ဂိုလ်ကို လှူတာက သာပြီးအကျိုးကြီးကြောင်း၊ အဲဒါထက် သကဒါဂါမ်စသည် လှူတာက သာပြီး အကျိုးကြီးကြောင်း၊ ဗုဒ္ဓဘုရားကိုလှူတာက အကျိုးအကြီးဆုံး ဖြစ်ကြောင်း များကိုလဲ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိမှာ ဟောတော်မူပါတယ်။ ဒါကြောင့် တကျပ်တန်လှူရာမှာလဲ အလှူခံပုဂ္ဂိုလ် အမြင့်အမြတ်အဆင့်ဆင့်ကို အကြောင်းပြုပြီး အကျိုးကြီးမားကြောင်း သိရတယ်။ ထို့အတူပင် တဆယ်ဘိုးလှူယင်လဲ အဲဒီငွေတဆယ်ဟာ မပျက်တော့ဘူး။ တရာဖိုးလှူယင်လဲ အဲဒီတရာဟာ မပျက်တော့ဘူး။ တထောင်ဖိုး တသောင်းဖိုး စသည်လှူယင်လဲ အဲဒီတထောင် တသောင်း စသည်ဟာ မပျက်တော့ဘူး။ အတိုးအမြတ်နဲ့ အလားတူတဲ့ အကျိုးတွေကလဲ အလွန်ကြီးမား များပြားတယ်။

ယနေ့ သဘာဝဓမ္မ ဆရာသန်းနှင့် ဆရာကတော် ဒေါ်စိန်းရင်တို့ မွေးနေ့အထိမ်းအမှတ်နဲ့ လှူဒါန်းကြတာကတော့ ဘုန်းကြီး ဆင်ခြင်ကြည့်တဲ့ အထင်အမြင်အားဖြင့် ကျွေးမွေးတာရော၊ ပစ္စည်းအမျိုးမျိုးတွေ လှူဒါန်းတာရောဆိုယင် ထောင်ဂဏန်းမျှ မကဘဲ၊ သောင်းဂဏန်းတောင် ကျော်လိမ့်မယ်လို့ ထင်မြင်ရပါတယ်။ အဲဒါတွေဟာ မပျက်မစီးနိုင်တဲ့အပြင် အလွန်လဲအကျိုးများစေနိုင်တဲ့ ဗုဒ္ဓသာသနာဘဏ်မှာ သွင်းထားတဲ့ ရတနာ ရွှေအိုးတွေဘဲ။ အဲဒီရတနာရွှေအိုး မြှုပ်နှံသိမ်းသွင်းပုံကို မြတ်စွာဘုရားက ဒီလိုဟောတော်မူပါတယ်။

## ရတနာရွှေအိုး မြှုပ်နှံသိမ်းသွင်းပုံ

၆။ ယဿ ဒါနေန သီလေန၊
သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊
ဣတ္ထိယာ ပုရိသဿ ဝါ။

ယဿာ ဣတ္ထိယာ ဝါ–အကြင်မိန်းမသည်၎င်း၊ ယဿ ပုရိသဿ ဝါ–အကြင်ယောကျ်ားသည်၎င်း၊ ဒါနေန စ–ပေးကမ်းလှူဒါန်းခြင်း ဒါနဖြင့်၎င်း၊ သီလေန စ–ကောင်းသောကိုယ်နှုတ် အလေ့အကျင့်သီလဖြင့်၎င်း၊ သံယမေန စ–စိတ်ကိုစောင့်စည်းမှု သမာဓိဖြင့်၎င်း၊ ဒမေန စ–အမြဲအစဉ် သန့်စင်ယဉ်ကျေးစေသော ပညာအကျင့်ဖြင့်၎င်း၊ နိဓိ–ကုသိုလ်ကောင်းမှု တည်းဟူသော ရတနာရွှေအိုးကို၊ သုနိဟိတော–ကောင်းစွာမြှုပ်နှံအပ်သည်၊ ဟောတိ–ဖြစ်ပါပေ၏တဲ့။

ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာရွှေအိုးကို အမျိုးသမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ်၊ အသက်ကြီးသူဖြစ်ဖြစ်၊ အသက်ငယ်သူဖြစ်ဖြစ်၊ ဘယ်လိုပုဂ္ဂိုလ်ဘဲဖြစ်ဖြစ်၊ မြှုပ်နှံနိုင်တယ်။ ဘယ်လိုလုပ်ပြီးမြှုပ်နှံရသလဲဆိုတော့ ဒါနေန–လှူဒါန်းပေးကမ်းခြင်းဖြင့်လဲ မြှုပ်နှံနိုင်တယ်၊ သီလေန–ကောင်းသော ကိုယ် နှုတ် အလေ့အကျင့်ဆိုတဲ့ သီလဖြင့်လဲ မြှုပ်နှံနိုင်တယ်။ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခြင်းဖြင့်လဲ မြှုပ်နှံနိုင်တယ်။ ရှစ်ပါးသီလ, ဆယ်ပါးသီလကို စောင့်ထိန်းခြင်းဖြင့်လဲ မြှုပ်နှံနိုင်တယ်။ ရှင်သာမဏေသီလ, ရဟန်းသီလကို လုံခြုံစွာစောင့်ထိန်းခြင်းဖြင့်လဲ မြှုပ်နှံနိုင်တယ်။

အဲဒီမှာ လှူပြီးမြှုပ်နှံနိုင်တယ် ဆိုတာကတော့ တကျပ်တန်လှူယင် တကျပ်ဖိုးမြှုပ်နှံနိုင်တယ်။ တဆယ်တန် တရာတန် စသည်ကို လှူယင် တဆယ်ဖိုး တရာဖိုး စသည် မြှုပ်နှံနိုင်တယ် ဆိုတာ ထင်ရှားပါတယ်။ သီလစောင့်ရာမှာတော့ ငွေကြေးအကုန်အကျ မရှိတဲ့အတွက် ဘာကို မြှုပ်နှံပါသလဲလို့ စဉ်းစားစရာရှိတယ်။ သီလစောင့်ရာမှာလဲ မတရားသဖြင့် ရနိုင်တဲ့ပစ္စည်းကို မယူဘဲ၊ စွန့်လွှတ်ပြီး ကျင့်ရတဲ့အတွက် စွန့်လွှတ်ပြီးမြှုပ်နှံသည် မည်တာပါဘဲ။ သူ့အသက်သတ်ပြီး ရနိုင်တဲ့ပစ္စည်းတွေ၊ သူ့ဥစ္စာခိုးယူပြီး ရနိုင်တဲ့ပစ္စည်းတွေ၊ လိမ်ပြီးရနိုင်တဲ့ပစ္စည်းတွေ၊ အဲဒီလို ပစ္စည်းတွေကို လက်မခံဘဲ သီလကိုစောင့်နေတာဟာ အဲဒီရနိုင်တဲ့ ပစ္စည်းတွေကို စွန့်လွှတ်ပြီး မြှုပ်နှံသည် မည်တာပါဘဲ။ သီလ မစောင့်တဲ့လူတွေမှာ ကြက်, ဝက်, ဘဲ, ငါး, စသည်ကို သတ်ပြီး စီးပွားရေးအလုပ်ကို လုပ်နေကြတယ်။ တချို့က သူတပါးဥစ္စာတွေကို ခိုးဝှက်လုယူပြီး စီးပွားရှာနေကြတယ်။ တချို့က လိမ်လည်ရောင်းဝယ်ပြီး စီးပွားရှာနေကြတယ်။ သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့ သူကတော့ အဲဒီလို သတ်ခြင်း, ခိုးခြင်း, လိမ်ခြင်း, စသည်ဖြင့် ဘာပစ္စည်းကိုမျှ ရအောင်မလုပ်ဘူး။ တကျပ်တန်ရသင့်ပါလျက် အဲဒီတကျပ်တန်ကိုရအောင် မတရားမလုပ်ဘဲ ကြဉ်ရှောင်နေယင် အဲဒီတကျပ်ဖိုး ရတနာရွှေအိုးကို မြှုပ်နှံရရောက်တယ်။ တဆယ်တန် တရာတန်ကို မတရားရအောင် မလုပ်ဘဲ ကြည်ရှောင်ယင် အဲဒီတဆယ်ဖိုး တရာဖိုး ရတနာရွှေအိုးကို မြှုပ်နှံရရောက်တယ်။ တထောင်တန် စသည်ကို မတရားရအောင် မလုပ်ဘဲ ကြဉ်ရှောင်ယင်လဲ တထောင်ဖိုး စသည်ကို မြှုပ်နှံရရောက်တာဘဲ။ ဒါကြောင့် သီလအကျင့်ဖြင့်လဲ ရတနာရွှေအိုးမြှုပ်နှံတယ်လို့ ဆိုရပါတယ်။

သံယမေန–စိတ်ကိုစောင့်စည်းမှုဖြင့် ရတနာရွှေအိုးကို မြှုပ်နှံတယ်ဆိုတာကတော့ သမထ ဘာဝနာသမာဓိအကျင့်ဖြင့် မြှုပ်နှံတာပါဘဲ၊ သမထဘာဝနာအကျင့်ဆိုတာ အာနာပါနဆိုတဲ့ ထွက်သက်ဝင်သက်ကိုဖြစ်စေ၊ ကသိုဏ်းတခုခုကိုဖြစ်စေ၊ ဆံပင်မွေးညှင်းစသော ၃၂–ကောဋ္ဌာသကိုဖြစ်စေ၊ အခြား သမထကမ္မဋ္ဌာန်းကိုဖြစ်စေ အမြဲမပြတ်နှလုံးသွင်း ဆင်ခြင်နေရတာဘဲ၊ အဲဒီလို မပြတ်နှလုံးသွင်း ဆင်ခြင်နေယင် ကာမဂုဏ်အာရုံတွေ လိုလားကြံစည်တဲ့ (ကာမစ္ဆန္ဒဆိုတဲ့) ရာဂစိတ်လဲ ဖြစ်ခွင့်မရှိဘူး၊ သူတပါးကို ပြစ်မှားစိတ်ဆိုးတဲ့ (ဗျာပါဒဆိုတဲ့) ဒေါသစိတ်လဲ ဖြစ်ခွင့်မရှိဘူး၊ ထိုင်းမှိုင်းပျင်းရိတဲ့စိတ်, ပျံ့လွင့်တဲ့စိတ် ပူပန်တဲ့စိတ်, ယုံမှားတဲ့စိတ်ဆိုတဲ့ အကုသိုလ်စိတ်အကြံတွေလဲ ဖြစ်ခွင့်မရှိဘူး၊ အဲဒီအကုသိုလ်စိတ်ကူး ကြံစည်မှုတွေ ကင်းအောင်လို့ သမထဘာဝနာအကျင့်ကို ကျင့်ရတာဘဲ။

အဲဒီလို ကျင့်နေတဲ့အတွက် ကုသိုလ်ရတနာ ရွှေအိုးမြှုပ်နှံရာ ရောက်ပုံကတော့ စီးပွါးရေးအလုပ်ကိုလုပ်နေယင် ရနိုင်တဲ့ ငွေကြေးတွေကို စွန့်ပြီး သမာဓိကုသိုလ်တွေကို ပွါးများနေသောကြောင့်ပါဘဲ၊ တနေ့အလုပ်လုပ်ယင် ငွေတဆယ် ရနိုင်တဲ့သူမှာ အဲဒီအလုပ်ကိုမလုပ်ပဲ တနေ့လုံး သမထဘာဝနာကိုသာ ပွါးများနေယင် အဲဒီရနိုင်တဲ့တဆယ်ဖိုး ရွှေအိုးကို မြှုပ်နှံရရောက်တယ်၊ ဆယ်ရက်အားထုတ်ယင် တရာဖိုးမြှုပ်နှံရရောက်တယ်၊ သုံးလေးလအားထုတ်ယင် တထောင်လောက် တထောင်ကျော်လောက် မြှုပ်နှံရရောက်တာပေါ့၊ ဒါပေမဲ့ တကယ်မြှုပ်နှံမိတဲ့ အနှစ်အသားအစစ်ကတော့ သမထဘာဝနာ ကုသိုလ်ပါဘဲ။

ဒမေန–အမြဲအစဉ်ထာဝရ သန့်စင်ယဉ်ကျေးစေတဲ့ ပညာအကျင့်ဖြင့် ရတနာရွှေအိုးမြှုပ်နှံတယ် ဆိုတာကတော့ ဝိပဿနာရှုမှုဖြင့် မြှုပ်နှံတာပါဘဲ။ လောကမှာ ယဉ်ကျေးမှုဆိုတာက သူ့လူမျိုး, သူ့ဘာသာ, သူ့အရပ်နှင့်သူ အသီးအသီး ရှိနေတာဘဲ၊ ဒါပေမဲ့ လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာတွေ ဖြစ်နေသေးယင်တော့ အဲဒီယဉ်ကျေးမှုဟာ မပြည့်စုံသေး

ပါဘူး၊ လောဘ ဒေါသ မောဟ စိတ်ကူးမှုဖြစ်နေယင်ကို အဲဒါ မယဉ်ကျေးဘူးလို့ ဆိုရမှာဘဲ၊ ကြမ်းတမ်းတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေ ဖြစ်နေယင်တော့ မယဉ်ကျေးကြောင်း အထူးပြောစရာ မလိုပါဘူး၊ ယခုမဖြစ်သေးပေမဲ့ တော်တော်ကြာယင်, နောက်တချိန်ကျယင် လောဘစသည် ဖြစ်နိုင်သေးပါက ယဉ်ကျေးမှု မပြည့်စုံသေးဘူးလို့ ဆိုရမှာဘဲ၊ ယခု ပြဆိုထားတဲ့ (ဒမေန အရ) ပညာဘာဝနာကတော့ အဲဒီလောဘစသည်တွေကို လုံးဝမဖြစ်နိုင်အောင် ကင်းငြိမ်းစေနိုင်တယ်၊ ရှုမိတဲ့ အာရုံတိုင်းမှာ ဖြစ်ခွင့်ရှိတဲ့ အနုသယကိလေသာတွေကိုလဲ ငြိမ်းစေတတ်တယ်၊ ဝိပဿနာပညာ၏အစွမ်းဖြင့် အရိယမဂ်ပညာ ဖြစ်လာတဲ့အခါမှာ သန္တာန်၌ ဖြစ်ခွင့်ရှိတဲ့ လောဘစသည်ကိုလဲ အပြီးအပြတ် ငြိမ်းစေနိုင်တယ်။ ဒါကြောင့် ဝိပဿနာ ရှုနေတာဟာ မယဉ်ကျေးတဲ့ ကိလေသာတွေကို အစဉ်ထာဝရ ကင်းငြိမ်းစေတဲ့ ယဉ်ကျေးမှု အစစ်ပါဘဲ။

ရတနာရွှေငွေ မြှုပ်နှံပုံကတော့ ခုတင်ကပြောခဲ့တဲ့ သမထဘာဝနာဖြင့် မြှုပ်နှံပုံမျိုးပါဘဲ၊ စီးပွားရေးအလုပ်ကို လုပ်နေယင် ရနိုင်တဲ့ငွေကြေးတွေကို စွန့်ပြီး ဝိပဿနာအလုပ်ကို အားထုတ်ရတယ်၊ အဲဒါဟာ ရသင့်ရထိုက်တဲ့ ငွေကြေးကို စွန့်ပြီး အားထုတ်တာဖြစ်တဲ့အတွက် ဆယ်ရက်အားထုတ်ယင် ဆယ်ရက်စာငွေကြေးဖြင့် ရင်းနှီးရာရောက်တာဘဲ၊ တလနှစ်လ အားထုတ်ယင် တလနှစ်လစာငွေကြေးဖြင့် ရင်းနှီးရာ ရောက်တာဘဲ၊ ဒါပေမဲ့ မြှုပ်နှံတဲ့ ကုသိုလ်ရတနာရွှေအိုးအစစ်ကတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်ပွားတဲ့ ကုသိုလ်တွေပါဘဲ။ ဒါကြောင့် ဒါနကုသိုလ် သီလကုသိုလ် သမထဘာဝနာကုသိုလ် ဝိပဿနာ ဘာဝနာကုသိုလ်ဆိုတဲ့ ဒီကုသိုလ်လေးမျိုးဟာ ဗုဒ္ဓသာသနာတော်ဘဏ်တိုက်မှာ မြှုပ်နှံသွင်းထားနိုင်တဲ့ ရတနာရွှေအိုးတွေပါဘဲ။

ယခု ဆွမ်းစသည်ကို လှူဒါန်းခြင်းဖြင့် ရတနာရွှေအိုးကိုမြှုပ်နှံနေကြတဲ့ သဘာဝဓမ္မ ဆရာသန်းတို့ဟာ ငယ်ရွယ်စဉ် ကာလကတည်းက သရဏဂုမ်သီလကို ဆောက်တည်ကျင့်သုံးလာခဲ့လို့ သီလဆိုတဲ့ ကုသိုလ်ရတနာရွှေအိုးတွေလဲ ပြည့်စုံလာခဲ့ပါပြီ။ သမထဘာဝနာဆိုတဲ့ ကုသိုလ်ရတနာ ရွှေအိုးတွေကိုလဲ ဘုရားဂုဏ်ကို အာရုံပြုခြင်း မေတ္တာကိုပွားစေခြင်း စသည်ဖြင့် ထိုက်သည်အားလျော်စွာ မြှုပ်နှံခဲ့ကြပါပြီ၊ ဝိပဿနာကုသိုလ်ဆိုတဲ့ ရတနာရွှေအိုးတွေကိုတော့ ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း ရှုမှတ်အားထုတ်ပြီး မြှုပ်နှံခဲ့ကြပါပြီ၊ အဲဒါကတော့ ပဋ္ဌမအကြိမ် အားထုတ်ကတည်းက အချိုးတကျ ဖြစ်လာခဲ့ယင် အခွင့်ရတိုင်း ရတိုင်း မပြတ်ရှုမှတ်နေမြဲပါဘဲ၊ ဒါကြောင့် ဝိပဿနာကုသိုလ် ရွှေအိုးတွေ မြှုပ်နှံလာခဲ့တာ ကတော့ များလှပါရော့မယ်။ ဒါနကုသိုလ်ဆိုတာကတော့ နေ့စဉ်နေ့တိုင်း သံဃာတော်တွေကို ဆွမ်းလောင်းလှူခြင်း စသည်ဖြင့် ပွားများလာခဲ့တာ အတိုင်းမသိ များလှပါပြီ၊ မွေးနေ့အထိမ်းအမှတ်ဖြင့် ယခုလို လှူခဲ့တာလဲ အကြိမ်များလှပါ ရော့မယ်။

လှူဒါန်းပေးကမ်းခြင်းဖြင့် ဒါနကုသိုလ်ရွှေအိုးမြှုပ်နှံရာဌာနများကိုလဲ ဒီလိုဖော်ပြတော်မူပါတယ်။

> ၇။ စေတိယမှိ စ သံဃေ ဝါ၊
> ပုဂ္ဂလေ အတိထီသု ဝါ။
> မာတရိ ပိတရိ စာပိ၊
> အထော ဇေဋ္ဌမှိ ဘာတရိ။

စေတိယမှိ စ–စေတီတော်၌၎င်း၊ သံဃေ ဝါ–သံဃာတော်၌၎င်း၊ ပုဂ္ဂလေ ဝါ–တဦးတယောက်သော ပုဂ္ဂိုလ်၌၎င်း၊ အတိတီသု ဝါ–ဧည့်သည် အာဂန္တုတို့၌၎င်း၊ မာတရိ ပိတရိ စာပိ–အမိ၌၎င်း အဘ၌၎င်း၊ အထော–ထို့ပြင်၊ ဇေဋ္ဌမှိ ဘာတရိ–အစ်ကိုကြီး၌၎င်း၊ (ဧသော နိဓိ–ဒါနကုသိုလ်ဟူသော ဤရတနာရွှေအိုးကို၊ သုနိဟိတော–ကောင်းစွာမြှုပ်နှံအပ်ပေ၏။) (ဤဂါထာကိုလဲ ဟောစဉ်က အချိန်မကြာစေရန် ချန်ထားခဲ့သည်။)

အဲဒီလို မြှုပ်နှံထားတဲ့ ရတနာရွှေအိုး၏ ဂုဏ်များကိုလဲ ဒီလိုဖော်ပြတော်မူပါတယ်။

> ၈။ ဧသော နိဓိ သုနိဟိတော၊
> အဇေယျော အနုဂါမိကော။
> ပဟာယ ဂမနီယေသု၊
> ဧတံ အာဒါယ ဂစ္ဆတိ။

သုနိဟိတော၊ ကောင်းစွာမြှုပ်နှံအပ်သော၊ ဧသော နိဓိ–ဤကုသိုလ်တည်းဟူသော ရတနာရွှေအိုးသည်၊ အဇေယျော–သူတပါးတို့က မအောင်နိုင်အပ်သော မလုယူနိုင်သော ရွှေအိုးပေတည်း။ အနုဂါမိကော–ကောင်းမှုရှင်နှင့် အတူလိုက်ပါတတ်သော ရွှေအိုးပေတည်း။

အဲဒီ ကုသိုလ်ကောင်းမှုဆိုတဲ့ ရတနာရွှေအိုးကို ဘယ်သူကမျှ လုယက်ပြီး မယူနိုင်ဘူး၊ ကောင်းမှုရှင်နောက်သို့ အမြဲမကွာ လိုက်ပါလာတတ်တဲ့ ရတနာရွှေအိုးလဲ ဖြစ်ပါတယ်–တဲ့။

လောက၌ ရွှေငွေ အစရှိတဲ့ ပစ္စည်းတွေ ရတနာတွေဟာ မသေခင် တသက်တာအတွင်း အသုံးလဲကျပါတယ်၊ အဖိုးလဲ တန်ပါတယ်၊ ကောင်းလဲ ကောင်းပါတယ်၊ ဒါပေမဲ့ အဲဒါတွေကို လူနိုင်တွေ လူဆိုးတွေက လုယူသွားယင် အဲဒီလူတွေနောက် ပါသွားတာပါဘဲ၊ မီးဘေး ရေဘေး စသည်နှင့်တွေ့ယင်လဲ ပျက်စီးဆုံးရှုံးသွားတာဘဲ၊ အဲဒီလို မပျက်စီးတောင်မှ သေတဲ့အခါ ကျတော့ စွန့်ပစ်သွားရတော့တာဘဲ၊ ကုသိုလ်ကောင်းမှု ဆိုတာကတော့ ဘယ်နည်းနဲ့မှ မပျက်စီးဘူး၊ ဘယ်လိုလူကမှ လုမယူ နိုင်ဘူး၊ အာဏာရှိတဲ့သူတွေကလဲ သိမ်းမယူနိုင်ဘူး၊ သေတဲ့အခါလဲ စွန့်ပစ်မထားခဲ့ရဘူး၊ ကောင်းမှုရှင်နှင့် အတူလိုက်ပါလာ တာဘဲ၊ နေရောင်ရှိတဲ့ အရပ်မှာ သွားနေယင် အဲဒီလူနှင့် အတူတူပင် သူ့အရိပ်က လိုက်ပါလာသလိုဘဲ ကုသိုလ်ကလဲ ကောင်းမှုရှင်နှင့် ဖြစ်လေရာရာမှာ အတူလိုက်ပါပြီး ကောင်းကျိုးတွေကို ပေးနေတာဘဲ၊ လူ့ချမ်းသာ နတ်ချမ်းသာနဲ့ ပြည့်စုံအောင် အမြဲမပြတ် ထောက်ပံ့ကူညီနေတာဘဲ၊ ဒါကြောင့်–

ပဟာယ ဂမနီယေသု–စွန့်ပယ်၍ သွားရသည့် ဘ၀တို့၌၊ ၀ါ–စွန့်ပယ်၍သွားရသည့် ပစ္စည်းဥစ္စာတို့တွင်၊ ဧတံ– ကုသိုလ်တည်းဟူသော ဤရတနာရွှေအိုးကို၊ အာဒါယ–ယူ၍၊ ဂစ္ဆတိ–သွားရပါသည်လို့လဲ ချီးကျူးပြဆိုထားတာပါဘဲ၊ အဇေယျော–သူတပါးတို့က လုယူရန် မအောင်နိုင်တဲ့ ရွှေအိုးဖြစ်တယ်ဆိုတာကို ဒီလိုလဲ ထပ်ပြီး ချီးကျူးဖော်ပြတော် မူပါတယ်။

၉။ အသာဓာရဏမညေသံ၊
　　အစောရာဟရဏော နိဓိ။
　　ကယိရာထ ဓီရော ပုညာနိ၊
　　ယော နိဓိ အနုဂါမိကော။

ဧသော နိဓိ–ဤကုသိုလ်တည်းဟူသော ရတနာရွှေအိုးသည်၊ အညေသံ–အခြားသူတို့နှင့်၊ အသာဓာရဏံ–ဆက်ဆံ ခြင်း သက်ဆိုင်ခြင်း မရှိပေ၊ အစောရာဟရဏော–သူခိုး ဒမြ လူဆိုး သူခိုးတို့ ခိုးဝှက်ရယူရန် မဖြစ်နိုင်သော ရွှေအိုးပေတည်း၊ ကုသိုလ်ကောင်းမှုဆိုတဲ့ ရတနာရွှေအိုးဟာ ကောင်းမှုရှင်မှတပါး အခြားသူ ဘယ်လူနဲ့မှ မဆိုင်ဘူး၊ ဘယ်လိုလူကမှ အဲဒီ ကုသိုလ်ကို ခိုးမယူနိုင်ဘူး၊ လုမယူနိုင်ဘူး၊ ယော နိဓိ–ကုသိုလ်တည်းဟူသော ယင်း ရတနာရွှေအိုးသည်၊ အနုဂါမိကော– ကောင်းမှုရှင်နောက်သို့ အစဉ်မကွာလိုက်ပါ၍ ကောင်းကျိုးကို ပေးတတ်၏။ တသ္မာ–ထို့ကြောင့်၊ ဓီရော–အမြော်အမြင် ဉာဏ် ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ ပုညာနိ–ဒါန–သီလ–ဘာ၀နာတည်းဟူသော ကုသိုလ်ကောင်းမှုတို့ကို၊ ကယိရာထ– ပြုလုပ်ရာ၏–ပြုလုပ်ရမည် တဲ့။

ကောင်းမှုရှင်မှတပါး အခြားသူများနှင့် မဆိုင်၊ မည်သူကမျှ ခိုးဝှက်ပြီးတော့လဲ မယူနိုင်ဘူး၊ လုယက်ပြီးတော့လဲ မယူနိုင်ဘူး၊ ကောင်းမှုရှင်နှင့် အမြဲမကွာလိုက်ပါပြီး ကောင်းကျိုးချမ်းသာကို ပေးတတ်တဲ့ အနုဂါမိက ရတနာရွှေအိုးလို့ ဆိုရတဲ့ ကုသိုလ်ကောင်းမှုကို ပြုရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားတော်မူတဲ့အတိုင်း သဘာ၀ဓမ္မ ဆရာသန်းနှင့် ဆရာ ကတော် ဒေါ်စိန်းရင်တို့က မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ်ဖြင့် ဒီကနေ့ ဒါနကုသိုလ်တည်းဟူသော ရတနာရွှေအိုးကို မြှုပ်နှံကြတယ်၊ အဲဒါဟာ သာမန်မြှုပ်နှံခြင်းမျိုး မဟုတ်ဘူး၊ မြတ်စွာဘုရားနှင့်တကွ သံဃာတော်ကို အဦးအမြတ်ထားပြီး လှူဒါန်းသောအားဖြင့် အထူးဝိသေသမြှုပ်နှံခြင်း ဖြစ်တယ်။

ဥပမာနှင့်တကွ ဖော်ပြရယင်–စပါးစသည်ကို စိုက်ပျိုးရာမှာ မြေဩဇာကောင်းတဲ့ မြေကွက်မှာ စိုက်ပျိုးတာက အပင် အသီး အနှံ အပွင့်တွေကို သန်သန်စွမ်းစွမ်း များများစားစား ဖြစ်ထွန်းစေနိုင်တယ်၊ အဲဒါလိုဘဲ လှူရာမှာလဲ အလှူခံပုဂ္ဂိုလ်က သီလအစရှိသော ဂုဏ်ကျေးဇူးတွေနှင့် ပြည့်စုံလျှင် ဒါနကုသိုလ်ဟာ သာပြီးအကျိုးကြီးမြတ်တယ်၊ ပုဂ္ဂိုလ်တပါးအားဖြစ်စေ၊ ပုဂ္ဂိုလ်အများအား ဖြစ်စေ လှူတာထက် သံဃာအားလှူတာက သာပြီး အကျိုးကြီးတယ်၊ သံဃာအား လှူတာဟာ ရဟန္တာ လှူတာ ထက်တောင် အကျိုးကြီးကြောင်း အဋ္ဌကထာမှာ အထင်အရှားပြဆိုထားပါတယ်။

ဘာကြောင့်လဲဆိုတော့ ပုဂ္ဂိုလ်အား လှူတာဆိုတော့ တပါးအားလှူယင် အဲဒီတပါးမှာရှိတဲ့ သီလ သမာဓိ ပညာဂုဏ် လောက်ကိုသာ မှီပြီး အကျိုးဖြစ်ပွားရတယ်၊ အပါး တဆယ် တရာ တထောင် ဆိုယင်လဲ အဲဒီ ဆယ်ပါး တရာ တထောင်မှာ ရှိတဲ့ သီလ စသော ဂုဏ်ကိုသာမှီပြီး အကျိုးဖြစ်ပွားရတယ်၊ သံဃာဆိုတာကတော့ မည်၍ မည်မျှလို့ အကန့်အသတ်မရှိဘူး၊ ဘုရားလက်ထက်တော်က ရှိနေတဲ့ အရှင်ကောဏ္ဍည အရှင် သာရိပုတ္တရာ စသော သံဃာတော်တွေရော၊ နောက်ကာလမှာ ယခု ထက်ထိရှိနေသော သံဃာတော်တွေရော သုပ္ပဋိပန္န စသော ဂုဏ်တော်များနှင့် ပြည့်စုံနေတဲ့ ဘုရားတပည့် သံဃာတော် အားလုံးနဲ့ ဆိုင်ပါတယ်၊ အဲဒီ သံဃာတော်က–

## သုပ္ပဋိပန္နဂုဏ်

ဘဂဝတော–မြတ်စွာဘုရား၏၊ သာဝကသံဃော–တပည့်သား အပေါင်းဖြစ်သော သံဃာတော်သည်၊ သုပ္ပဋိပန္နော–လောဘ ဒေါသ မောဟကင်းကြောင်း ကောင်းစွာကျင့်တော် မူတတ်ပါပေသည်ဆိုတဲ့ သံဃာဂုဏ်တော်နှင့် ပြည့်စုံတော်မူတယ်၊ ဒီနေရာမှာ သုပ္ပဋိပန္န–ကောင်းစွာ ကျင့်တယ်ဆိုတဲ့ ဂုဏ်ပုဒ်ရဲ့ ဆိုလိုရင်းကိုလဲ သိထားဘို့လိုပါတယ်၊ ဘာသာတိုင်း ဘာသာတိုင်းက သူတို့ဘာသာတရားအရ ကျင့်နေတာကို ကောင်းစွာ ကျင့်တယ်လို့ ယုံကြည်ယူစွဲနေကြတာ ချည်းဘဲ၊ အဲဒီတော့ ဗုဒ္ဓတရားတော်အရ သုပ္ပဋိပန္န–ကောင်းစွာကျင့်တယ် ဆိုတာက ဘယ်လိုထူးပါသေးသလဲလို့ မေးစရာရှိပါတယ်၊ အဖြေကတော့–

မကောင်းတာ ဆိုးတာတွေ ပပျောက်အောင် ကျင့်တာဟာ ကောင်းတဲ့အကျင့်ဘဲ၊ ရောဂါဖြစ်နေယင် ရောဂါက မကောင်းဆိုးဝါးတဲ့ဟာဘဲ၊ အဲဒီရောဂါ ပျောက်ကင်းအောင် ကုသတာက ကောင်းတဲ့အကျင့်ဘဲ၊ လောကထဲမှာ သတ္တဝါတွေဟာ လောဘ ဒေါသ မောဟတွေ ရှိနေလို့ မကောင်းမှုတွေ ပြုပြီး အပါယ်ဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရတယ်၊ ဘဝသံသရာမှာ ထပ်ကာထပ်ကာ ဖြစ်ပြီး အိုခြင်း နာခြင်း သေခြင်း စသော ဆင်းရဲတွေကို ခံစားနေကြရတယ်၊ အဲဒီအပါယ်ဆင်းရဲ သံသရာဆင်းရဲတွေ ခံစားနေကြရခြင်း၏ အကြောင်းဖြစ်တဲ့ လောဘ ဒေါသ မောဟတွေဟာ မကောင်းတဲ့ တရားဆိုးတွေဘဲ၊ အဲဒီတရားဆိုးတွေ ကင်းပျောက်အောင် သီလ သမာဓိ ပညာ အကျင့်တွေကို ကျင့်တာဟာ ခုတင်ပြောခဲ့တဲ့ ရောဂါပျောက်အောင် ကုသတာလိုပင် ကောင်းသောအကျင့်ဘဲ၊ အဲဒီ သီလ သမာဓိ ပညာ အကျင့်ကို ကျင့်နေယင် ကောင်းသောအကျင့်နှင့် ပြည့်စုံနေတာဘဲ။

အဲဒီ အကျင့်ကောင်းကြောင့် လောဘစသည် ကင်းငြိမ်းပုံကတော့ သီလကို ရိုရိုသေသေ ကျင့်နေယင် ကိုယ်ဖြင့် နှုတ်ဖြင့် မတော်တဲ့အမှု မတော်တဲ့စကားကို ပြုလုပ် ပြောဆိုနိုင်အောင် ကြမ်းတမ်းတဲ့ လောဘ ဒေါသ မောဟတွေ မဖြစ်ဘဲ ငြိမ်းနေတယ်၊ ဥပမာ သီလမစောင့်တဲ့သူက သတ်စရာရှိယင် သတ်တယ်၊ ခိုးစရာရှိယင် ခိုးတယ်၊ လိမ်စရာရှိယင် လိမ်တယ်၊ အဲဒါဟာ လောဘ ဒေါသ မောဟ အကြမ်းစားတွေ ဖြစ်နေတာဘဲ၊ သီလကို ရိုရိုသေသေ စောင့်နေတဲ့သူကတော့ အဲဒီလို သတ်စရာ စသည်ရှိပေမဲ့ မသတ်ဘူး၊ မခိုးဘူး၊ မလိမ်ဘူး၊ အဲဒါဟာ သီလဆိုတဲ့ အကျင့်ကောင်းကြောင့် လောဘစသော အကုသိုလ် အကြမ်းစားတွေ ကင်းငြိမ်းသွားတာဘဲ၊ အဲဒီလို ကင်းငြိမ်းတာကို "သီလဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှု (ဝီတိက္ကမကိလေသာ)ကို ကင်းငြိမ်းစေတယ်၊ ပယ်တယ်"လို့ ဆိုရတယ်။

သမထကမ္မဋ္ဌာန်းအာရုံကို မပြတ်ရှုနေတဲ့အခါမှာ မတော် မသင့်တဲ့ စိတ်ကူးကြံစည်မှုတွေ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းနေတယ်၊ အဲဒါဟာ သမာဓိအကျင့်ဖြင့် စိတ်ကူးထဲမှာဖြစ်မည့် (ပရိယုဋ္ဌာန် ကိလေသာ ဆိုတဲ့) လောဘစသော အကုသိုလ် အလတ်စားတွေ ကင်းငြိမ်းတာဘဲ။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပေါ်လာသမျှကို မပြတ်ရှုမှတ်နေတဲ့သူမှာ သမာဓိအား ဉာဏ်အားပြည့်တဲ့အခါ ရှုတိုင်း မှတ်တိုင်း ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတာကိုချည်း တွေ့ရတယ်၊ အဲဒီတော့ မမြဲတာချည်းဘဲ ဆင်းရဲချည်းဘဲ အတ္တမဟုတ်တဲ့ သဘောတရားမျှချည်းဘဲလို့ ရှင်းလင်းစွာ သိရတယ်၊ အဲဒီလို သိရတဲ့ အာရုံကို မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေဖြင့် ထင်မှတ်စွဲလမ်းပြီး ဖြစ်မည့် လောဘ ဒေါသ မောဟတွေဟာ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းသွားတယ်။ အဲဒါဟာ ဝိပဿနာအကျင့်ဖြင့် ဖြစ်ခွင့်ရှိတဲ့ အနုသယ ကိလေသာဆိုတဲ့ အကုသိုလ် အနုစားတွေ ကင်းငြိမ်းတာဘဲ။

အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ အနုသယ ကိလေသာဆိုတာက (၁) အာရမ္မဏာနုသယ (၂) သန္တာနာနုသယ လို့ ၂–မျိုးရှိတယ်၊ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်လို့ အနိစ္စ ဒုက္ခ အနတ္တလို့ သိရတဲ့အာရုံမှာ မြဲတယ် ချမ်းသာတယ် ငါကောင်ဘဲ လို့ ထင်မှတ်ပြီး ဖြစ်မည့်ကိလေသာဟာ မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ ဝိပဿနာအကျင့်ဖြင့် အာရမ္မဏာနုသယ ကိလေသာ ကင်းငြိမ်းတာဘဲ။ အရိယမဂ်ဉာဏ် ဖြစ်လာတဲ့အခါကျတော့ သက္ကာယဒိဋ္ဌိ အစရှိသော ဆိုင်ရာဆိုင်ရာ ကိလေသာတွေဟာ လုံးဝဖြစ်ခွင့် မရှိတော့ပဲ အစဉ်ထာဝရ ကင်းငြိမ်းသွားတယ်၊ အဲဒါက အရိယမဂ် မဖြစ်သေးတဲ့ ပုဂ္ဂိုလ်၏သန္တာန်မှာ ဖြစ်ခွင့်ရှိတဲ့ သန္တာနာနုသယ ကိလေသာတွေ ကင်းငြိမ်းသွားတာဘဲ။

ဒီအနုသယ ကိလေသာအကြောင်းက အသိခက်တယ်၊ ဒါကြောင့် ထပ်ပြီးရှင်းပြဦးမယ်။ မြင်ခိုက်ကြားခိုက် စသည်မှာ မရှုမမှတ်နိုင်တဲ့ သာမန်ပုဂ္ဂိုလ်တွေမှာ ထင်ရှားတွေ့ရတဲ့ အဆင်း အသံစသည်ကို ပြန်လည်ဆင်ခြင်ပြီး မြဲတဲ့အနေ ချမ်းသာတဲ့အနေ ငါကောင် သတ္တဝါကောင် အနေအားဖြင့် ထင်မှတ်နေကြတယ်၊ အဲဒီလို ထင်မှတ်နေတာဟာ အမှန်အတိုင်းရှုပြီး မသိကြလို့ပါဘဲ၊ အဲဒီလို ထင်မှတ်တာတွေဟာ အမှန်မသိမှု အဝိဇ္ဇာဆိုတဲ့ မောဟက ခေါင်းဆောင်ပြီးဖြစ်တဲ့ လောဘ ဒေါသ စိတ်ကူးတွေဘဲ၊ ဝိပဿနာမရှုလို့ အဲဒီလို အထင်မှား အသိမှားပြီး ဖြစ်တဲ့ လောဘ ဒေါသတွေဟာ မရှုမိလို့ အမှန်အတိုင်း မသိတဲ့ အချိန်ကတည်းက အဲဒီအဆင်း အသံစသော အာရုံတွေမှာ ကိန်းလာခဲ့တယ်လို့ ဆိုရတယ်၊ ကိန်းတယ်ဆိုပေမဲ့ ကိုယ်ထဲမှာ တနေရာရာ ဝပ်တည်နေတာတော့ မဟုတ်ပါဘူး၊ နောင်အကြောင်း ညီညွတ်တဲ့အခါ ပြန်လည်ဆင်ခြင်ပြီး ဖြစ်ခွင့်ရှိသွားတာကို ဆိုတာပါဘဲ။

ယခု ဝိပဿနာမရှုနိုင်တဲ့ သာမန်လူတွေမှာ မြင်ဘူးတဲ့အဆင်း ကြားဘူးတဲ့အသံ ထိသိဘူးတဲ့ အတွေ့ရုပ်စသော အဲဒီအာရုံတွေကို ပေါင်းစုပြီး မြဲတဲ့အနေ ချမ်းသာတဲ့ ကောင်းတဲ့ လှပတဲ့အနေ ငါကောင် သတ္တဝါကောင်အနေဖြင့် ထင်မှတ်ပြီး လောဘ ဒေါသစိတ်ကူးတွေ ဖြစ်နေကြတာဘဲ၊ အဲဒီလို ဖြစ်နေတဲ့ စိတ်ကူးတွေကို ပရိယုဋ္ဌာန်ကိလေသာလို့ ခေါ်တယ်၊ အဲဒီလို စိတ်ကူးတွေဖြစ်နိုင်အောင် မြင်ဆဲ ကြားဆဲ စသည်က အာရုံမှာ ကိန်းလာတယ်ဆိုတာက အာရမ္မဏာနုသယ ကိလေသာဘဲ၊ အဲဒါကို တချို့က စာပေဗဟုသုတရှိပေမဲ့ သဘောမပေါက်ကြဘူး၊ ဖြစ်တဲ့အခါ သန္တာန်မှာပဲဖြစ်တဲ့အတွက် သန္တာနာနုသယလို့ဘဲ မဆိုသင့်ပေဘူးလားလို့ မေးဘူးပါတယ်၊ သန္တာန်မှာ ဖြစ်ပေမဲ့ အဲဒီအာရုံကို စွဲမှီပြီးဖြစ်သောကြောင့် အာရမ္မဏာနုသယလို့ဘဲ ခေါ်ရကြောင်း၊ အဲဒီအာရုံကို တွေ့သိပြီးပြီးချင်း ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း သိသွားယင်တော့ အဲဒီအာရမ္မဏာနုသယဆိုတဲ့ ကိလေသာဟာ ဖြစ်ခွင့်မရှိတော့ပဲ ကင်းငြိမ်းသွားကြောင်း၊ အဲဒီလို ကင်းငြိမ်းတာကို တဒင်္ဂပဟာန်ဖြင့် ပယ်တယ်လို့ ဆိုရကြောင်းများကို ရှင်းပြီး ဖြေကြားလိုက်ရပါတယ်။

ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်ပြီး အနိစ္စ စသည်ဖြင့် အမှန်အတိုင်း သိသိသွားတဲ့ ဉာဏ်ဟာ အာရမ္မဏာနုသယကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်ပယ်သွားတဲ့ ဝိပဿနာဉာဏ်အစစ်ပဲ၊ အဲဒီဝိပဿနာဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ်ဖြင့် သန္တာန်မှာ ဖြစ်ခွင့်ရှိတဲ့ သန္တာန်နာနုသယ ကိလေသာတွေကို သူ့အစွမ်းရှိသလောက် ပယ်ပယ်သွားတယ်၊ သောတာပတ္တိမဂ်ဉာဏ်က အပါယ်ကျစေနိုင်တဲ့ ကိလေသာ ဟူသမျှကို အမြစ်ပြတ်ပယ်တယ် ကင်းငြိမ်းစေတယ်၊ အနာဂါမိမဂ်ဉာဏ်က ကာမရာဂနှင့် ဗျာပါဒဆိုတဲ့ ကိလေသာတွေကို အမြစ်ပြတ်ပယ်တယ် ကင်းငြိမ်းစေတယ်၊ အရဟတ္တမဂ်ကတော့ ဘဝရာဂ မာန အဝိဇ္ဇာစသော ကိလေသာ အားလုံးကို အမြစ်ပြတ်ပယ်တယ် ကင်းငြိမ်းစေတယ်၊ ဒါကြောင့် အဲဒီပယ်ပြီး ကိလေသာတွေဟာ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ဘယ်အခါမှာမျှ မဖြစ်နိုင်တော့ဘူး၊ ဘယ်အကြောင်း ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ဘူး။ အဲဒီလို အာရမ္မဏာနုသယနှင့် သန္တာနာနုသယဆိုတဲ့ ကိလေသာတွေ ကင်းငြိမ်းအောင် ရှုမှတ်ပွားများနေတဲ့ ဝိပဿနာအကျင့်ဟာ အမြင့်အမြတ်ဆုံး အထက်မြက်ဆုံးဖြစ်တဲ့ သုပ္ပဋိပန္နအကျင့်ဘဲ။

## ဝိပဿနာရှုမှတ်ပုံ အကျဉ်းချုပ်

အဲဒီဝိပဿနာအကျင့်က ဘယ်လိုကျင့်ရတာလဲဆိုယင်၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မြင်တယ် ကြားတယ် စသည်ဖြင့် အရပ်သုံးစကားနဲ့ မပြတ်ရှုနေရတယ်၊ ရုပ်ဝေဒနာ သညာ စေတနာ သင်္ခါရ ဝိညာဏ်စသည် ကျမ်းဂန်စာပေ ဝေါဟာရနဲ့ ရှုယင်ကော မဖြစ်ဘူးလားလို့ မေးစရာရှိတယ်၊ ဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီလို စာပေဝေါဟာရနဲ့ရှုယင် ရှုသိစရာနဲ့ ဝေါဟာရ အတိအကျဖြစ်ဖို့ မလွယ်ပါဘူး၊ စာပေဗဟုသုတမရှိတဲ့ သူမှာဆိုယင် အဲဒီလို စာပေဝေါဟာရနဲ့ ရှုဘို့ရာ ခဲယဉ်းပါတယ်၊ သုတရှိတဲ့သူတွေမှာလဲ ဒီတခါ ရုပ်က ပိုထင်ရှားသလား၊ ဝေဒနာက ပိုထင်ရှားသလား စသည်ဖြင့် စဉ်းစားနေယင် သမာဓိဖြစ်ဖို့မလွယ်ပဲ ရှိတတ်ပါတယ်၊ အရပ်သုံးစကားကတော့ ဘာမျှစဉ်းစားနေစရာ မရှိဘူး၊ ထင်ရှားတယ်၊ ရှုမှတ်ဖို့ လွယ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားရှင်က သတိပဋ္ဌာန်ပါဠိတော်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) သွားလျှင်မူလည်း သွားသည်ဟု သိ၏–စသည်ဖြင့် အရပ်သုံးစကားနဲ့ ရှုသိဘို့ ညွှန်ကြားတော်မူခဲ့ပါတယ်၊ ဘုန်းကြီးတို့ကလဲ အဲဒီဘုရား စကားတော်နှင့်အညီ မြင်တယ် ကြားတယ် စသည်ဖြင့် အရပ်သုံးကားနဲ့ ရှုမှတ်ဖို့ ညွှန်ကြားနေပါတယ်။ နောက်ပြီးတော့ ဝိပဿနာရှုရာမှာ အမည်က လိုရင်းမဟုတ်ပါဘူး၊ ပါဠိအမည်ဖြစ်ဖြစ်၊ ဗမာအမည်ဖြစ်ဖြစ် အဲဒါက လိုရင်း မဟုတ်ပါဘူး၊ တကယ်ဖြစ်ပေါ်လာတဲ့ သဘောတရားကို အမှန်အတိုင်း သိဘို့ရာကသာ လိုရင်းဖြစ်ပါတယ်၊ ဗမာအမည် အရပ်သုံးစကားနဲ့ ရှုမှတ်နေပေမယ်လို့ သမာဓိဉာဏ်အား ရှိလာတဲ့အခါကျတော့ အဲဒီအမည်က မထင်ရှားတော့ပဲ သိရုံ သိရုံမျှသာ ဖြစ်သွားပါတယ်၊ ဒါကြောင့် မြင်တိုင်း ကြားတိုင်း စသည်မှာ မြင်တယ် ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ်ပြီး သိသိသွားဘို့ပါဘဲ။ ဒါပေမဲ့ မြင်တိုင်း ကြားတိုင်း စသည်မှာ သူ့ဖြစ်စဉ်အတိုင်း စေ့ငအောင် လိုက်ရှုဘို့ကတော့ အားထုတ်ခါစ ပုဂ္ဂိုလ်မှာ မလွယ်ဘူး၊ ထင်ရှားတဲ့တရားတခု နှစ်ခုလောက်က စပြီးရှုမှတ်မှ လွယ်လဲ လွယ်ကူတယ်၊ သမာဓိလဲဖြစ်လွယ်တယ်။

ဒါကြောင့် ထိုင်တယ် ထိတယ်၊ ထိုင်တယ် ထိတယ်လို့ယင်လဲ ရှုမှတ်ရတယ်၊ ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်လို့ယင်လဲ ရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်နေယင်း စိတ်ကူးကြံစည်မှု ဖြစ်လာယင် အဲဒါကိုလဲ ရှုမှတ်ရတယ်၊ ပြီးတော့ ဖောင်းတာ ပိန်တာကိုပဲ မပြတ်ရှုမှတ်နေရတယ်။ ကိုယ်ထဲက အခံခက်တဲ့ ဝေဒနာဖြစ်လာယင် အဲဒါကိုလဲ စူးစိုက်ပြီး ရှုမှတ်ရတယ်၊ ပြီးတော့ ဖောင်းတာ ပိန်တာကိုပဲ ပြန်ရှုမှတ်ရတယ်။ ကိုယ်လက်လှုပ်ရှားမှု ကွေးဆန့်မှုဖြစ်ယင် အဲဒါကိုလဲ မှတ်ရတယ်၊ ပြီးတော့ ဖောင်းတာ ပိန်တာကိုပဲ ပြန်မှတ်ရတယ်။ ဒီပုံဒီနည်းဖြင့် မပြတ်ရှုနေရတယ်။ သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ မြင်မှု ကြားမှု စသည် ပေါ်လာသမျှကို သူ့ဖြစ်စဉ်အတိုင်း ရှုမှတ်နိုင်တယ်၊ ရှုတိုင်း ရှုတိုင်း ရုပ်နှင့်နာမ်ကိုလဲ ခွဲခြားပြီး သိသိသွားတယ်၊ အကြောင်းနှင့် အကျိုးကိုလဲ ခွဲခြားပြီး သိသိသွားတယ်၊ အသစ်အသစ် ဖြစ်ဖြစ်ပြီး ချက်ခြင်းပင် ပျောက်ပျောက်သွားတာကိုလဲ သိသိသွားတယ်၊ အဲဒီလို ချက်ခြင်းပင် ပျောက်ပျောက်သွားတာကို တွေ့ရတော့ မမြဲတာချည်းဘဲ၊ ဆင်းရဲချည်းဘဲ၊ အစိုးမရတဲ့ အနတ္တချည်းဘဲလို့လဲ ရှင်းလင်းစွာ သိသိသွားတယ်။

အဲဒီလို အမှန်အတိုင်း သိသိသွားတော့ မြင်ရတာနဲ့ မြင်သိတာ, ကြားရတာနဲ့ ကြားသိတာ စသည်ကို မြဲတဲ့အနေ စသည်ဖြင့် ထင်မှတ်တဲ့ အဝိဇ္ဇာမောဟဟာ ဖြစ်ခွင့်မရှိတော့ဘူး၊ အဲဒါအမှန်သိတဲ့ ဉာဏ်ကြောင့် အမှားသိ မောဟကင်းသွားတာဘဲ၊ အဲဒီလို မရှုမသိတဲ့ သူတွေမှာတော့ မြင်တိုင်း ကြားတိုင်း စသည်မှာ မြဲတဲ့အနေ စသည်ဖြင့်သာ ထင်မှတ်နေတယ်၊ အဲဒါဟာ အလွဲသိမောဟက လက်ဦးဖြစ်ဖြစ်ပြီး အမှန်ကို ဖုံးလွှမ်းနေတာဘဲ၊ သူက မြင်တိုင်း ကြားတိုင်း စသည်မှာ မြဲတဲ့အနေ စသည်ဖြင့် အလွဲအမှားကိုချည်း လက်ဦးသိသိနေတယ်၊ ဒါကြောင့် အမှန်ကို မသိနိုင်ကြပဲ ရှိနေကြတာဘဲ။ ဥပမာအားဖြင့် လူတယောက်က ပြူတင်းပေါက်ကနေပြီးတော့ ဘယ်က လူက ဘယ်ကိုသွားတယ်၊ ဘာကိုလုပ်တယ် စသည်ဖြင့် ပြောနေတယ်ဆိုယင် အဲဒီအခန်းထဲ ရှိနေတဲ့လူတွေက မဟုတ်မမှန်ပေမဲ့ အဲဒီလူပြောတဲ့အတိုင်းပဲ အသိအမှတ်ပြုကြရတယ်၊ ဘာကြောင့်လဲဆိုယင် သူတို့က ကိုယ်တိုင်ထပြီး မကြည့်ဘူး၊ ဟိုလူပြောတာကိုသာ နားထောင်နေကြသောကြောင့် ပါဘဲ၊ အဲဒါလိုပင် မြင်ခိုက် ကြားခိုက် စသည်၌ မရှုမမှတ်နိုင်တဲ့ သူတွေမှာ အလွဲသိ မောဟက သိထားတဲ့အတိုင်း မြဲတဲ့အနေ စသည်ဖြင့် အလွဲကိုချည်း သိမြင်ထင်မှတ်နေကြတယ်။

ထင်မှတ်နေကြပုံကတော့ မြင်ရတာ ကြားရတာ စသည်တွေကို မိန်းမဘဲ ယောကျ်ားဘဲ၊ လူကြီးဘဲ လူငယ်ဘဲ၊ အမြဲတည်ရှိနေတာဘဲ၊ လှတယ် ချောတယ်၊ ရွံစရာကောင်းတယ်၊ မုန်းစရာကောင်းတယ် စသည်ဖြင့် တရားသဘောအရ မဟုတ်တာတွေကို ထင်မှတ်နေကြတယ်၊ သို့ပေမဲ့ လောကဝေါဟာရ အနေအားဖြင့်တော့ ဟုတ်မှန်ပါတယ်၊ အဲဒီလို သိရိုးသိစဉ်အတိုင်း သိမှတ်နေတာကို တရားသဘောအနေဖြင့် မှားတယ်လို့ဆိုရတာဘဲ။ တရားသဘောအရ အမှန်ကတော့ မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ပေါ်လာသမျှတွေဟာ အနိစ္စ–မမြဲတာချည်းဘဲ၊ ဒုက္ခ–ဆင်းရဲချည်းဘဲ၊ အနတ္တ–အသက်ရှင်နေတဲ့ ငါကောင်သူကောင်မဟုတ်တဲ့ သဘောတရားမျှချည်းဘဲ၊ အဲဒီ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ပြီး သိဘို့က လိုပါတယ်၊ အဲဒါကလဲ ကြားနာဘူးတဲ့အတိုင်း ဆင်ခြင်ရုံမျှဖြင့် ပြီးတာမဟုတ်ဘူး၊ ဖြစ်ဆဲ ရုပ်နာမ်ကို ရှုမှတ်နေမှ အမှန်အတိုင်း သိနိုင်တာ၊ အဲဒါကလဲ သာမန်ပုဂ္ဂိုလ်တွေမှာ ဆိုယင် တခဏလောက် တနာရီလောက် တရက် နှစ်ရက်လောက် ရှုမှတ်ရုံနဲ့ မပြည့်စုံနိုင်ဘူး၊ ရိရိသေသေ ရှုမှတ်ယင်တော့ လေး ငါး ခြောက်ရက် ခုနစ်ရက်အတွင်းမှာ အဲဒီ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်တွေကို သိတတ်ကြပါတယ်။

အဲဒါကလဲ သမာဓိအားကောင်းမှ ပြည့်စုံတာ၊ ဒါကြောင့် ရှုမှတ်ခါစ ပုဂ္ဂိုလ်ဟာ တခြားတပါး စိတ်မထွက်ပဲ သမာဓိအားကောင်းအောင် စူးစူးစိုက်စိုက် ရိရိသေသေ ရှုမှတ်ဖို့ လိုပါတယ်၊ အဲဒီလို ရှုမှတ်လို့ သမာဓိအား ရှိလာတဲ့အခါကျတော့ "သမာဟိတော–စိတ်တည်ကြည်သော ပုဂ္ဂိုလ်သည် ယထာဘူတံ–တကယ်ဖြစ်သည့်အတိုင်း၊ ဝါ–ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ–ရှင်းလင်းပြတ်သားစွာသိ၏"လို့ ဟောတော်မူတဲ့ ဒေသနာတော်နှင့်အညီ အနိစ္စ စသည်ကို အမှန်အတိုင်းသိတဲ့ ဝိပဿနာဉာဏ်အစစ် ဖြစ်တာဘဲ၊ ကြားနာမှတ်သားဘူးတဲ့ သုတမျှဖြင့် ဆင်ခြင်ပြီး အနိစ္စ စသည်ကို သိတာကတော့ သမာဓိကို မှီပြီးဖြစ်တဲ့ ကိုယ်ပိုင်ဉာဏ် အစစ်မဟုတ်ဘူး၊ သမာဓိမရှိပဲနဲ့လဲ သိတာဘဲ၊ သီလမစင်ကြယ်ပဲနဲ့လဲ သိနိုင်တာဘဲ၊ဒါကြောင့် အဲဒီလိုသိတာကို ဝိပဿနာဉာဏ်အစစ်လို့ မဆိုနိုင်ပါဘူး၊ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်နေယင်း သမာဓိအားရှိတဲ့အခါ မတွေးမကြံရပဲ အဖြစ်အပျက် အနိစ္စ စသည်ကို သိသိသွားတာကမှ ဘုရားဟော ဒေသနာတော်နှင့်အညီ ဝိပဿနာဉာဏ်အစစ်ဖြစ်တယ်။

အဲဒီလို ရှုမှတ်နေယင်း အနိစ္စ စသည်ဖြင့် သိရယင် အဲဒီသိရတဲ့ ရုပ်နာမ်အာရုံမှာ မြဲတဲ့အနေ စသည်ဖြင့် ထင်မှတ်တဲ့ မောဟ စသည်တွေ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းသွားတယ်၊ အဲဒါဟာ အာရမ္မဏာနုသယ ကိလေသာ ကင်းငြိမ်းပုံဘဲ၊ အဲဒီလို ကင်းငြိမ်းတာကလဲ ရှုမိတဲ့အာရုံနဲ့သာ ဆိုင်တယ်၊ မရှုမိတဲ့ အာရုံများမှာတော့ မကင်းငြိမ်းဘူး၊ အဲဒါကိုလဲ သိနားလည်ထားဘို့ လိုပါတယ်။ ဒါကြောင့် တခါရှုယင် တခါငြိမ်းတယ်၊ ဆယ်ခါရှုယင် ဆယ်ခါငြိမ်းတယ်၊ အခါတရာ ရှုယင် အခါတရာငြိမ်းတယ်၊ အခါတထောင် တသောင်း ရှုယင် အခါတထောင် တသောင်း ငြိမ်းတယ်၊ အဲဒီလို ရှုဖန်များလို့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ အစရှိသော အာရမ္မဏာနုသယတွေ ငြိမ်းဖန်များပြီး အားနည်းတဲ့အခါမှာ အဲဒီလိုရှုမှတ်နေယင်း အနုလုံခေါ်တဲ့ ဝိပဿနာဉာဏ် ဖြစ်ပြီး သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်စဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာဘဲ။

အဲဒီလို သောတာပတ္တိဉာဏ် ရောက်သွားယင် ပုထုဇဉ်သန္တာန်မှာ ဖြစ်ခွင့်ရှိနေတဲ့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာစသော သန္တာနာနုသယကိလေသာတွေ အမြစ်ပြတ် ကင်းငြိမ်းသွားကြတယ်။ ဒါကြောင့် သောတာပန် ပုဂ္ဂိုလ်၏ သန္တာန်မှာ အဲဒီ သက္ကာယဒိဋ္ဌိစသော ကိလေသာတွေဟာ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး။ သောတာပန်က ဆက်ပြီး ရှုမှတ်လို့ ဝိပဿနာဉာဏ် ရင့်သန်အားပြည့်တဲ့အခါ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်တယ်၊ အဲဒီအခါ သကဒါဂါမိ မဂ်ဉာဏ်ကြောင့် ကာမရာဂ ဗျာပါဒ အကြမ်းစားဖြစ်တဲ့ သန္တာနာနုသယကိလေသာတွေ အမြစ်ပြတ်ကင်းငြိမ်းသွားကြတယ်။ အဲဒီ သကဒါဂါမိက ဆက်ပြီး ရှုမှတ်လို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်တယ်၊ အဲဒီအခါ အနာဂါမိမဂ်ဉာဏ်ကြောင့် ကာမရာဂ ဗျာပါဒဆိုတဲ့ သန္တာနာနုသယကိလေသာတွေ အမြစ်ပြတ် ကင်းငြိမ်းသွားတယ်။ အဲဒီအနာဂါမိက ဆက်ပြီး ရှုမှတ်လို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ရဟန္တာ ဖြစ်သွားတယ်၊ အဲဒီအခါကျတော့ သန္တာနာနုသယကိလေသာတွေ ဟူသမျှ အကုန်လုံး ကင်းငြိမ်းသွားတယ်၊ အဲဒီလို လောဘ ဒေါသ မောဟ စသော ကိလေသာတွေ ကင်းငြိမ်းအောင် သီလ သမာဓိ ဝိပဿနာအကျင့်ကို ကောင်းစွာကျင့်တာဟာ သုပ္ပဋိပန္နဆိုတဲ့ ကောင်းသော အကျင့်ဘဲ။

ဒါကြောင့် သုပ္ပဋိပန္နော–လောဘ ဒေါသ မောဟ ကင်းကြောင်း ကောင်းစွာ ကျင့်တော်မူသော သံဃာတော် မြတ်ပါ ပေတကားလို့ သံဃာတော်ကို ချီးမွမ်းထားတာပါဘဲ။ သံဃာအား လှူတယ်ဆိုတာ အဲဒီ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတဲ့ ဘုရား တပည့် ရဟန်းတော် အားလုံးအား လှူရတာဘဲ။ ဒါကြောင့် သံဃာလှူတာဟာ အကျိုးအကြီးဆုံးဖြစ်တာဘဲ။ အဲဒီလို သံဃာ အားလုံးကို လှူပေမယ်လို့ ပစ္စည်းကို သုံးစွဲတာကတော့ အနီးအပါးရှိနေကြတဲ့ သံဃာများက သုံးစွဲကြရတာပါဘဲ။ အဲဒါဟာ မြတ်စွာဘုရားက ခွင့်ပြုထားတဲ့အတိုင်း သုံးစွဲခြင်းပါဘဲ။ ကျောင်းတိုက်တခု အတွင်းမှာ သံဃာတော်အား လှူပါ၏လို့ဆိုပြီး လှူလျှင် အဲဒီကျောင်းတိုက်ထဲက သံဃာတော်တွေက သုံးဆောင်ကြရတာဘဲ။ အဲဒီလို သုံးစွဲနေတဲ့ အချိန်မှာ အာဂန္တုရောက် လာယင် အဲဒီရောက်လာတဲ့ ရဟန်းလဲ သုံးဆောင်ရတာဘဲ။ ယခုလို အိမ်မှာလှူယင် အိမ်မှာရောက်ရှိနေတဲ့ သံဃာတော်တွေ သုံးဆောင်ကြရတာဘဲ။ ဒါပေမယ်လို့ လှူတာကတော့ ဘုရားတပည့် သံဃာအားလုံးအား လှူတာဖြစ်သောကြောင့် ရဟန္တာ ပုဂ္ဂိုလ်ကို လှူတာထက်တောင် အကျိုးကြီးတဲ့အလှူဒါနဖြစ်ပါတယ်။ ဒါကြောင့်–

သံဃေ ဒိန္နံ မဟပ္ဖလံ။ သံဃေ–သံဃာတော်၌၊ ဝါ–သံဃာတော်အား၊ ဒိန္နံ–ပေးလှူခြင်းသည်၊ ဝါ–ပေးလှူအပ်သော ဒါနသည်၊ မဟပ္ဖလံ–ကြီးမားသော အကျိုးရှိသည်–လို့ ဟောတော်မူတာပါဘဲ။ နောက်ပြီးတော့ သံဃာ့ဂုဏ်တော် ၉–ပါး ထဲမှာ–

အနုတ္တရံ ပုညက္ခေတ္တံ လောကဿ–လို့လဲ ဟောထားပါသေးတယ်။

လောကဿ–လူအပေါင်း၏၊ အနုတ္တရံ–အလွန်အကဲမရှိ အမြင့်အမြတ်ဆုံးဖြစ်သော၊ ပုညက္ခေတ္တံ–ကုသိုလ်ကောင်းမှု ကို စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်ပါပေသည်တဲ့။ စပါး စသည်ကို စိုက်ပျိုးရာ လယ်မြေ အကောင်းဆုံးလိုပင် သံဃာတော်ဟာ ကုသိုလ်ကောင်းမှုကို စိုက်ပျိုးဘို့ရာ အကောင်းအမြတ်ဆုံးဖြစ်တယ်။ သံဃာတော်ထက် အကျိုးကြီးစေနိုင်တဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာ မရှိဘူး။ သံဃာတော်ဟာ အလှူခံအမြတ်ဆုံးဖြစ်ပါတယ်တဲ့။ ဒါကြောင့် ယနေ့ ဆရာသန်းတို့က မွေးနေ့ မင်္ဂလာအဖြစ်ဖြင့် အလှူခံအမြတ်ဆုံးဖြစ်တဲ့ သံဃာတော်ကို မုန့်ဟင်းခါး ဆွမ်းခဲဘွယ် ဘောဇဉ်တွေ လှူဒါန်းပြီးသွားပြီ။ အဲဒီ လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုကြောင့် အလိုရှိအပ်တဲ့ အကျိုးတွေကို အကုန်ရသွားကြတော့မှာဘဲ။ အဲဒီလို ရနိုင်ပုံကိုလဲ ဒီလို ဟောတော်မူပါတယ်။

## ကုသိုလ်ရတနာရွှေအိုးဖြင့် လိုသမျှရနိုင်သည်

၁၀။ ဧသ ဒေဝမနုဿာနံ၊
သဗ္ဗကာမဒဒေါ နိဓိ။
ယံ ယဒေဝါဘိပတ္ထေန္တိ၊
သဗ္ဗ မေ တေန လဗ္ဘတိ။

ဧသ–ဤကုသိုလ် ကောင်းမှုဟူသော ရတနာရွှေအိုးသည်၊ ဒေဝမနုဿာနံ–နတ်လူတို့၏၊ သဗ္ဗကာမဒဒေါ–အလုံးစုံ သော အလိုဟူသမျှကို ပေးတတ်သော၊ နိဓိ–ရွှေအိုးပေတည်း။ ယံ ယံ–အကြင် အကြင် စည်းစိမ်ချမ်းသာ အကျိုးကို၊ အဘိပတ္ထေန္တိ–တောင့်တကုန်၏။ ဝါ–တောင့်တကြလျှင်၊ တံ တံ–ထို ထို တောင့်တသမျှ အကျိုးစီးပွားချမ်းသာကို၊ သဗ္ဗံဧဝ– အကုန်လုံးပင်လျှင်၊ ဧတေန–ကုသိုလ်ကောင်းမှုဟူသော ဤရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရနိုင်သည်ချည်းသာတည်း။

၁၁။ သုဝဏ္ဏတာ သုသရတာ၊
သုသဏ္ဌာနာ သုရူပတာ။
အာဓိပစ္စ ပရိဝါရာ၊
သဗ္ဗမေတေန လဗ္ဘတိ။

သုဝဏ္ဏတာ–အဆင်းလှခြင်းကိုငင်း၊ သုသရတာ–အသံကောင်းခြင်းကိုငင်း၊ သုသဏ္ဌာနာ–ပုံပန်းသဏ္ဌာန် အချိုးတကျ လှပခြင်းကိုငင်း၊ သုရူပတာ–ရုပ်ရေကောင်းခြင်းတို့ကိုငင်း၊ အာဓိ ပစ္စ ပရိဝါရာ–အစိုးရခြင်း, အခြွေအရံများခြင်းတို့ကိုငင်း၊ သဗ္ဗံ–အလုံးစုံကို၊ ဧတေန–ကုသိုလ်ကောင်းမှု ဟူသော ဤရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရအပ်သည်–ရနိုင်သည်ချည်းသာတည်း။

၁၂။ ပဒေသရဇ္ဇံ ဣဿရိယံ၊
စက္ကဝတ္တိသုခံ ပိယံ။
ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု၊
သဗ္ဗမေတေန လဗ္ဘတိ။

ပဒေသရဇ္ဇံ–နယ်ပယ်တစိတ်တဒေသကို အစိုးရသော ပဒေသရာဇ်မင်းအဖြစ်ကိုငင်း၊ ဣဿရိယံ–တကျွန်းလုံးကို အစိုးရသော မင်းအဖြစ်ကိုငင်း၊ ပိယံ–ချစ်အပ် လိုလားအပ်သော၊ စက္ကဝတ္တိသုခံ–စကြဝတေးမင်း ချမ်းသာကိုငင်း၊ ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု–နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကိုငင်း၊ (အဋ္ဌကထာ၌ ဒေဝရဇ္ဇံ–အရ မန္ဓာတ်မင်း စသည်အဖြစ်ကို ပြဆိုထားသည်) သဗ္ဗံ–အလုံးစုံကို၊ ဧတေန–ဤရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရအပ်သည်၊ ရနိုင်သည်ချည်းသာတည်း။

(ဤ ၁၀–၁၁–၁၂–ဂါထာတို့ကိုလည်း ဟောစဉ်က အချိန်မကုန်စေရန် ချန်ထားခဲ့သည်)။

၁၃။ မာနုသိကာ စ သမ္ပတ္တိ၊
ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာန သမ္ပတ္တိ၊
သဗ္ဗ မေ တေန လဗ္ဘတိ။

မာနုသိကာ–လူ့ပြည်လောက၌ဖြစ်သော၊ ယာ သမ္ပတ္တိ စ–အကြင်စည်းစိမ်ချမ်းသာသည်ငင်း၊ ဒေဝလောကေ–နတ်ပြည်၌ ဖြစ်သော၊ ယာ ရတိ စ–အကြင်ပျော်မွေ့ဘွယ် စည်းစိမ်ချမ်းသာသည်ငင်း၊ ယာ စ နိဗ္ဗာနသမ္ပတ္တိ–အကြင်နိဗ္ဗာန်ချမ်းသာ စည်းစိမ်သည်ငင်း၊ အတ္ထိ–လိုလားဘွယ်အဖြစ်ဖြင့် ရှိ၏။ သဗ္ဗံ–အလုံးစုံသော၊ တံ–ထို လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန် ချမ်းသာဟူသော စည်းစိမ်ဟူသမျှကို၊ ဧတေန–ကုသိုလ်ကောင်းမှုတည်းဟူသော ဤရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရအပ်သည်။ ရနိုင်သည်ချည်သာတည်း။

ဒါန, သီလ, ဆိုတဲ့ ကုသိုလ်ရတနာရွှေအိုးကို မြှုပ်နှံထားယင် အဲဒီကုသိုလ်ရတနာရွှေအိုးဖြင့် လူ့ပြည်လောက၌ သေဌေးစည်းစိမ် မင်းစည်းစိမ် အမျိုးမျိုးကိုလဲ ရနိုင်တယ်။ တကမ္ဘာလုံးကို အစိုးရတဲ့ စကြာမင်း စည်းစိမ်အထိ ရနိုင်တယ်။ နတ်ပြည်လောက၌ သိကြားမင်း, သုယာမနတ်မင်း စသော နတ်စည်းစိမ် အမျိုးမျိုးကိုလဲ ရနိုင်တယ်။ သံယမဆိုတဲ့ ဈာန် ကုသိုလ်ရတနာရွှေအိုးဖြင့် ဗြဟ္မာမင်းစည်းစိမ်ကိုလဲ ရနိုင်တယ်။ ဈာန်ကို အခြေခံပြုပြီး ဝိပဿနာကုသိုလ်ကို ဖြစ်ပွားစေယင် နိဗ္ဗာန်ချမ်းသာဆိုတဲ့ အမြတ်ဆုံး စည်းစိမ်ကိုလဲ ရနိုင်တယ်။ ထို့အတူပင် ဒါန, သီလဖြင့် နိဗ္ဗာန်ကို ရည်ရွယ်ဆုတောင်းယင် အကြောင်းညီညွတ်တဲ့ဘဝမှာ အဲဒီနိဗ္ဗာန်ချမ်းသာကိုလဲ ရနိုင်တယ်။ အဲဒီ ဘဝဆိုတာကလဲ ယခုလက်ရှိဘဝမျိုးပါဘဲ။ ယခုလက်ရှိဘဝဟာလဲ နိဗ္ဗာန်ကို ရည်သန်ဆုတောင်းပြီး ပြုလုပ်စောင့်ရှောက်လာခဲ့တဲ့ အဲဒီ ဒါနကုသိုလ် သီလကုသိုလ်ကြောင့် ဖြစ်နေရတာဘဲ။ အဲဒီကုသိုလ်ကြောင့် မြတ်စွာဘုရား၏တရားကို နာကြားခွင့်ရတဲ့ လူ့ဘဝမှာဖြစ်နေတယ်။ မြတ်စွာဘုရား၏ တရားကိုလဲ ပြည့်ပြည့်စုံစုံ နာကြားနေကြရတယ်။ ဝိပဿနာကိုလဲ ပွားများနေကြရတယ်။ အပြည့်အစုံ ပွားများနိုင်တဲ့အခါ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရတယ်။ ဒါဟာ ရှေးက ပြုခဲ့တဲ့ ဒါနသီလ ကုသိုလ်ကြောင့် ဒမ–ဆိုတဲ့ ဝိပဿနာကုသိုလ်၏ အစွမ်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတာဘဲ။ ယခုဘဝမှာပြုတဲ့ ဒါန, သီလကုသိုလ်ကြောင့်လဲ နောက် ဘဝတခုခုမှာ နည်းတူပင် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

ဒါကြောင့် ဒါန, သီလ, သမထ, ဝိပဿနာ, ဆိုတဲ့ ကုသိုလ်ကောင်းမှု ရတနာရွှေအိုးများကို မြှုပ်နှံခြင်းဖြင့် လူ့လောကမှာ အကောင်းဆုံးဖြစ်တဲ့ လူ့ချမ်းသာတွေကိုလဲ ရနိုင်တယ်။ နတ်လောကမှာ အကောင်းဆုံးဖြစ်တဲ့ နတ်ချမ်းသာ တွေကိုလဲ ရနိုင်တယ်။ ဗြဟ္မာ့ချမ်းသာတွေကိုလဲ ရနိုင်တယ်။ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကိုလဲ ရနိုင်တယ်။ အဲဒီတော့ ယခုရွတ်ပြခဲ့တဲ့ ဂါထာဖြင့် ဘာမဆို အလိုရှိတဲ့ ချမ်းသာဟူသမျှကို အကုန်ရနိုင်တယ်လို့ ဆိုလိုတာပါဘဲ။

ဒါကြောင့် ယနေ့ သဘာဝဓမ္မဆရာသန်းနှင့် ဆရာကတော် ဒေါ်စိန်းရင်တို့၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ် အဖြစ်ဖြင့် လှူဒါန်းတဲ့ ဒါနကုသိုလ် ရတနာရွှေအိုးဖြင့် မျက်မှောက်မှာလဲ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း စသော ကောင်းကျိုးတွေကို ရသွားနိုင်တယ်။ နောင်သံသရာဘဝတွေမှာလဲ မြင့်မြတ်တဲ့ လူ့ချမ်းသာ နတ်ချမ်းသာတွေကို ရသွားနိုင်တယ်–အဲဒါဟာ အရေအတွက် အကန့်အသတ် မရှိပါဘူး။ ဘဝတရာ, တထောင်, တသောင်း, တသိန်းစသည်ဖြင့် အကန့်အသတ် မရှိပါဘူး၊ သံဃာတော်အား လှူတာဖြစ်တဲ့အတွက် အသင်္ချေယျ အပ္ပမေယျ အကျိုးတွေကို ရသွားနိုင်ပါတယ်။ လူတွေကို ကျွေးမွေးလှူဒါန်းတာကလဲ သာသနာတွင်း ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက် အသင်္ချေယျ အပ္ပမေယျ အကျိုးတွေကိုရ သွားနိုင်တာပါဘဲ။ ဆုမတောင်းလဲ အဲဒီ လူ့ချမ်းသာ နတ်ချမ်းသာ ကောင်းကျိုးတွေကို ရသွားမှာဘဲ။ ဆုတောင်းယင်တော့ ဆုတောင်းတဲ့အတိုင်း အတိအကျ အကျိုးတွေကို ရသွားနိုင်ပါတယ်။

ဒါပေမဲ့–လူချမ်းသာ နတ်ချမ်းသာတွေ ဆိုတာကတော့ ဆရာသန်းတို့ သိထားပြီးအတိုင်းပါဘဲ။ တကယ်ချမ်းသာ တာတော့ မဟုတ်ပါဘူး။ ဆင်းရဲတွေနဲ့ ရောနေပါတယ်။ အခု ချမ်းသာနေတယ်လို့ ဆိုရပေမဲ့–အခုဘဲ ကိုယ်ထဲက ညောင်းလိုက်, ယားလိုက်, နာကျင်လိုက်နဲ့ မနေသာမထိုင်သာ ဆင်းရဲတွေကိုလဲ တွေ့ကြုံနေကြရတာဘဲ။ ဆရာသန်းကိုယ်တိုင် မနေ့က ပြောတယ်။ မကျန်းမမာပါဘုရား၊ ကျန်းမာရေး ချွတ်ယွင်းနေပါတယ်တဲ့။ မကျန်းမာယင် ဆင်းရဲတွေ ထင်ရှားနေတာ ဘဲ။ ကျန်းမာနေတဲ့ ပုဂ္ဂိုလ်ကတော့ ကိုယ့်ကိုယ်ထဲမှာ ဆင်းရဲရှိမှန်း တယ်မသိဘူး။ ငယ်ရွယ်တဲ့ လူများဆိုယင် ရုပ်ကိုယ်ကြီး

ဆင်းရဲကြောင်း ပြောတာကို ယုံတောင်မှ မယုံချင်ကြဘူး၊ သဘောမကျကြဘူး။ ဒါပေမဲ့–အဲဒီလူတွေလဲ နေမကောင်းထိုင်မသာ ဖြစ်တဲ့အခါကျတော့ မိမိ၏ရုပ်ကိုယ်ကြီးကိုမှီပြီး ဆင်းရဲရတယ်ဆိုတာ ထင်ရှားတွေ့ရ သိရတာပါဘဲ။

ဒါပေမဲ့–ဆင်ခြင်ဉာဏ် မရှိယင်တော့ ယခု ဆင်းရဲနေပေမဲ့ နောက်ကျတော့ ချမ်းသာသွားမှာဘဲလို့ အားကိုးနေကြ သေးတာဘဲ။ ယခုတဘဝလုံး ဆင်းရဲနေပေမယ်လို့ နောက်ဘဝများကျတော့ ချမ်းသာလိမ့်မယ်လို့ မျှော်လင့်အားကိုး နေကြတာ ဘဲ။ ဆင်ခြင်ဉာဏ် ရှိတဲ့သူမှာတော့ ရုပ်ကိုယ်ကြီး အဆင်မပြေဖြစ်တိုင်း ဖြစ်တိုင်း သံဝေဂဉာဏ် ဖြစ်လာတယ်။ ဒီခန္ဓာကိုယ် ကြီးဟာ တော်တော်နေရာမကျတာဘဲ။ မျက်နှာသစ်ပေးနေရတာလဲ နေရာမကျဘူး။ အပူအအိုက် ငြိမ်းအောင် ရေချိုးချိုး ပေးနေရတာလဲ နေရာမကျဘူး။ ရေငတ်လို့ ရေသောက်သောက်ပေးနေရတာလဲ နေရာမကျဘူး။ ထမင်းဆာလို့ ရှာကြံပြီး စားနေရတာလဲ နေရာမကျဘူး။ အစစ အရာရာ အဆင်ပြေအောင်လို့ မပြတ်ကြောင့်ကြစိုက်ပြီး ပြုပြင်ပေးနေပေမယ်လို့ နေမကောင်း ထိုင်မသာ ဖြစ်တတ်တာကလဲ နေရာမကျပါဘူး၊ အဲဒီလို နေမကောင်း ထိုင်မသာ ဖြစ်တာကတော့ အဆိုးဆုံးဘဲ။ အမြဲမပြတ် အသက်ရှူနေရတာကိုက ဒီရုပ်ကိုယ်ကြီး ပြုပြင်စောင့်ရှောက်ပေးနေရတာဘဲ။ အသက်မရှူဘဲ မနေနိုင်တာလဲ ဆင်းရဲဘဲ စသည်ဖြင့် ဆင်ခြင်ဉာဏ်ရှိတဲ့သူမှာ ရုပ်ကိုယ်ကြီး၏ အပြစ်, ရုပ်ကိုယ်ကြီး၏ ဆင်းရဲတွေကို ဆင်ခြင်ပြီး သံဝေဂ ဉာဏ် ဖြစ်တတ်ပါတယ်။

အဲဒီလို ဆင်ခြင်ပြီး သံဝေဂဉာဏ်ဖြစ်တဲ့သူမှာ ဒီခန္ဓာကိုယ်ကြီး ရှိနေတဲ့အတွက် အင်မတန်တာဝန်လေးနေကြောင်း၊ ဆင်းရဲတွေနဲ့ ရောပြွမ်းနေလို့ ငြီးငွေ့ဘွယ်ကောင်းကြောင်း အလွန်ပင် ထင်ရှားပါတယ်။ အဲဒါဟာ လူ့ချမ်းသာဆိုပေမဲ့ ဆင်းရဲ တွေနဲ့ ရောပြွမ်းနေလို့ ချမ်းသာအစစ် မဟုတ်ကြောင်း၊ အားကိုးစရာ မကောင်းလှကြောင်း ထင်မြင်ပုံပါဘဲ။ နတ်လောကမှာလဲ ကိုယ်ဆင်းရဲမရှိဘူး ဆိုပေမယ်လို့ ကိုယ့်အလိုအတိုင်း မပြည့်လို့ဖြစ်တဲ့ စိတ်ဆင်းရဲတွေကတော့ ရှိနေတာဘဲ။ နောက်ဆုံး စုတေရတော့မည့် အချိန်အခါကျတော့ စိတ်ဆင်းရဲတွေ အကြီးအကျယ် ဖြစ်နိုင်တာဘဲ။ ဗြဟ္မာ့လောကမှာလဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိပေမယ်လို့ ရုပ်နာမ်သင်္ခါရဆင်းရဲတွေကတော့ ရှိနေတာဘဲ။ စိတ်ကူးစဉ်းစား နေရတာသည်ပင် ပင်ပန်းနေတာ ဘဲ။ နောက်ဆုံးမှာ သေရဦးမယ်ဆိုတော့ အဲဒါလဲ ဆင်းရဲမကင်းပါဘူး။

ဒါကြောင့် ယနေ့ မွေးနေ့မင်္ဂလာ အထိမ်းအမှတ် အဖြစ်ဖြင့် သံဃာတော်များ လူပရိသတ်များကို လှူဒါန်းရတဲ့ ကောင်းမှုကြောင့် ရနိုင်တဲ့ လူ့ချမ်းသာ နတ်ချမ်းသာဆိုတာတွေကို ပဓာန အရင်းခံအနေဖြင့် ဆုမတောင်းဘဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းရာ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုသာ ပဓာနအရင်းခံအနေဖြင့် ဆုတောင်းဘို့ပါဘဲ။ အဲဒီနိဗ္ဗာန်ချမ်းသာ အမြတ်ဆုံးဖြစ်ကြောင်းကို "နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ" လို့ မြတ်စွာဘုရားရှင်တိုင်းက ဟောကြားထားပါတယ်။

နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ပရမံ–အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ–ဘုရားရှင်တို့သည်၊ ဝဒန္တိ–ချီးကျူးဟောကြားတော်မူကုန်၏ တဲ့။

နိဗ္ဗာန်မှာ ရုပ်ကိုယ်မရှိတဲ့အတွက် ရုပ်ကိုမှီပြီးဖြစ်တဲ့ ဆင်းရဲလဲ မရှိဘူး။ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားမရှိတဲ့ အတွက် စိတ်စေတသိက် နာမ်ကိုမှီပြီးဖြစ်တဲ့ ဆင်းရဲလဲ မရှိဘူး။ ဘာဆင်းရဲမျှ မရှိဘူး။ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းနေတယ်။ အဲဒီလို ဆင်းရဲငြိမ်းနေတာလဲ ဘယ်တော့မှ ပျက်စီးခြင်း မရှိဘူး။ အမြဲတမ်း အစဉ်ထာဝရငြိမ်းနေတာဘဲ။ ဒါကြောင့် အဲဒီ ဆင်းရဲခပ်သိမ်း အမြဲငြိမ်းနေတဲ့ နိဗ္ဗာန်ချမ်းသာဟာ အကောင်းအမြတ်ဆုံးဖြစ်တယ်။ ဒါကြောင့် ယနေ့ပြုတဲ့ ကုသိုလ်ကောင်းမှု ၏အစွမ်းဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာ အမြင့် အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ပဓာနအားဖြင့် ရည်ရွယ်ဆုတောင်းပြီး ရေစက်သွန်းချ အမျှပေးဝေကြရမယ်။ မိမိတို့အလိုရှိအပ်သော လောကီ, လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်း တို့နှင့် ပြည့်စုံကြပါစေ။

**သာဓု သာဓု သာဓု**

## နိဓိကဏ္ဍသုတ် နောက်ဆုံး ၃–ဂါထာ

၁၄။ မိတ္တသမ္ပဒ မာဂမ္မ၊
ယောနိသောဝ ပယုဉ္ဇတော။
ဝိဇ္ဇာဝိမုတ္တိ ဝသီဘာဝေါ
သဗ္ဗ မေ တေန လဗ္ဘတိ။

မိတ္တသမ္ပဒံ–ဂုဏ်ထူး ပြည့်စုံကြောင်းဖြစ်သော မိတ်ဆွေကောင်း ဆရာသမားကို၊ အာဂမ္မ–စွဲမှီ၍၊ ယောနိသောဝ–သင့်သော အကြောင်းဖြင့်သာလျှင်၊ ပယုဉ္ဇတော–ကျင့်သုံးအားထုတ်သော ပုဂ္ဂိုလ်အား၊ ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေါ–ဝိဇ္ဇာသုံးပါးနှင့် သမာပတ်ရှစ်ပါးဟူသော ဝိမုတ္တိတို့၌ အလိုရှိတိုင်း နိုင်နင်းခြင်းသည်၊ ဝါ–ဝိဇ္ဇာဉာဏ်များ အရိယာဖိုလ်များနှင့် အလိုရှိတိုင်း စိတ်ကို နိုင်နင်းခြင်းသည်၊ ဟောတိ–ဖြစ်၏၊ သဗ္ဗံ–အလုံးစုံသော ထိုဝိဇ္ဇာစသည်ကို၊ ဧတေန–ဤကုသိုလ်ရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရအပ်သည်–ရနိုင်သည်ချည်းသာတည်း။

(ဤဂါထာ၌ ဝိဇ္ဇာ–ဝိဇ္ဇာဉာဏ်သုံးပါး, ဝိဇ္ဇာဉာဏ် ရှစ်ပါးကိုငင်း၊ ဝိမုတ္တိ–အရိယဖိုလ် ၄–ပါးဟူသော ဝိမုတ္တိကိုငင်း၊ ဝသီဘာဝေါ–သမာပတ်ဟူသမျှ၌ အလိုရှိတိုင်း နိုင်နင်းခြင်းကိုငင်း၊ သဗ္ဗံ–အလုံးစုံကို၊ ဧတေန–ဤရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရအပ်သည်–ရနိုင်သည်ချည်းသာတည်း–ဟု ဝိဇ္ဇာ ဝိမုတ္တိ ဝသီဘာဝေါ–တို့ကို အသီးအသီးခွဲ၍ယူလျှင် သာ၍သင့်မြတ်ဖွယ် ရှိပါသည်။)

၁၅။ ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊
ယာ စ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊
သဗ္ဗမေတေန လဗ္ဘတိ။

ပဋိသမ္ဘိဒါစ–ပဋိသမ္ဘိဒါဉာဏ် ၄–ပါးတို့ကိုငင်း၊ ဝိမောက္ခာ စ–ရူပီ ရူပါနိ ပဿတိ စသည်ဖြင့် ပြဆိုထားသော ဝိမောက္ခ ရှစ်ပါးတို့ကိုငင်း၊ ယာ စ သာဝကပါရမီ–အကြင် သာဝက ပါရမီ(သည်ရှိ၏၊ ထိုသာဝကပါရမီ)ကိုငင်း၊ ပစ္စေကဗောဓိ စ–ပစ္စေကဗုဒ္ဓါ အဖြစ်ကိုငင်း၊ ဗုဒ္ဓဘူမိ စ–ဘုရားအဖြစ်ဟူသော ဗုဒ္ဓဘုံကိုငင်း၊ သဗ္ဗံ–အလုံးစုံကို၊ ဧတေန–ဤ ကုသိုလ်ဟူသော ရတနာရွှေအိုးဖြင့်၊ လဗ္ဘတိ–ရအပ်သည် ရနိုင်သည် ချည်းသာတည်း။

၁၆။ ဧဝံ မဟတ္ထိကာ ဧသာ၊
ယဒိဒံ ပုညသမ္ပဒါ။
တသ္မာ ဓီရာ ပသံသန္တိ၊
ပဏ္ဍိတာ ကတပုညတံ။

ယဒိဒံ–ယာ အယံ ပုညသမ္ပဒါ–အကြင် ပြည့်စုံကြောင်း ဖြစ်သော ကောင်းမှုကို၊ ဝါ–ကောင်းမှု၏ပြည့်စုံခြင်းကို (ဒေသိတာ–ယဿ ဒါနေန စသော ဂါထာတို့ဖြင့် ဟောအပ်ခဲ့ပြီ) ဧသာ–ဤကောင်းမှု၏ ပြည့်စုံခြင်းသည်၊ ဧဝံ–အမှတ် ၁၀–ဂါထာမှစ၍ အမှတ် ၁၅–ဂါထာတိုင်အောင် ဤသို့ဖော်ပြခဲ့သည့်အတိုင်း၊ မဟတ္ထိကာ–ကြီးကျယ်သော အကျိုးရှိပေ၏။ တသ္မာ –ထို့ကြောင့်၊ ဓီရာ ပဏ္ဍိတာ–ပညာရှိတို့သည်၊ ကတပုညံ–ပြုအပ်ပြီးသော ကောင်းမှုရှိသူ၏အဖြစ်ကို၊ ဝါ–ပြုထားသည့် ကောင်းမှုရှိခြင်းကို၊ ပသံသန္တိ–ချီးမွမ်းကြပါသတည်း။

## နိဂုံးချုပ်အဋ္ဌကထာအဖွင့်

ဒေသနာပရိယောသာနေ–ဘုရား ဟောတော်မူသည့် ဒေသနာတော် အဆုံး၌၊ သော ဥပါသကော–ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းဆက်ကပ်လှူဒါန်းသော ထိုဥပါသကာ သေဋ္ဌေးသည်၊ ဗဟုဇနေန သဒ္ဓိံ–အခြံအရံ ပရိသတ်များစွာနှင့် တကွ၊ သောတာပတ္တိဖလေ–သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌာသိ–တည်လေပြီ။ စ–ဆက်၍ ပြောဦးမည်၊ ရညော ပသေနဒိ ကောသလဿ–ပသေနဒိ ကောသလမင်းကြီး၏၊ သန္တိကံ ဂန္တွာ–အထံသို့သွား၍၊ ဧကမတ္တံ–လှူဒါန်း၍ ရတနာရွှေအိုး မြှုပ်နှံခြင်း ဟူသော ဤအကြောင်းကို၊ အာရောစေသိ–ပြောကြားလေသည်၊ ရာဇာ–ပသေနဒိ ကောသလမင်းကြီးသည်၊ အတိဝိယတုဋ္ဌော ဟုတွာ–အလွန်အားရဝမ်းမြောက်သည်ဖြစ်၍၊ "ဂဟပတိ–အိမ်ရှင်သေဋ္ဌေး၊ သာဓု–ကောင်းပေစွ၊ မာဒိသေဟိပိ –ငါတို့လို အာဏာပိုင် ပုဂ္ဂိုလ်တို့သော်လည်း၊ အနာဟရဏီယံ–မယူနိုင်ကောင်းသော၊ နိဓိံ–ကုသိုလ်ဟူသော ရတနာရွှေအိုးကို၊ တွံ–သင်သည်၊ သာဓု ခေါ နိဓေသီတိ–ကောင်းစွာမြှုပ်နှံပါပေသည်" ဟူ၍၊ သံရာဓေတွာ–ကောင်းစွာနှစ်ခြိုက်စေ၍၊ ပူဇံ–ပူဇော် ချီးမွမ်းခြင်းကို၊ အကာသိ–ပြုလေသည်။ (အမှတ် ၁၄–ဂါထာမှစ၍ ဤစကားရပ်အထိ ပါဠိအဋ္ဌကထာများကို အနုမောဒနာ ဟောစဉ်က အချိန် မကြာစေရန် ချန်ထားခဲ့သည်၊ စာမူချော ပြုစုသောအခါ အလိုရှိသူများ သိသင့်သမျှ သိရအောင် ဖြည့်စွက် ဖော်ပြလိုက်သည်။)

## အနုမောဒနာတရားတော် ဤတွင်ပြီး၏။

## ရေစက်ချစာတမ်း

သံဃာတော် အရှင်မြတ်တို့ဘုရား–တပည့်တော်တို့သည် မြတ်စွာဘုရား၏ သာသနာတော် ရှည်စွာတည်တံ့ခြင်း ထွန်းကားခြင်း ကြီးပွားခြင်း စည်ပင်ခြင်း အကျိုးငှာရင်း၊ တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာရင်း၊ (သဘာဝဓမ္မဆရာသန်းနှင့် ဆရာကတော် ဒေါ်စိန်းရင်တို့၏) မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ်ဖြင့် သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော မုန့်ဟင်းခါး ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်းကျွေးမွေး ပူဇော်ပါကုန်၏ အရှင်ဘုရား။ ပဒေသာပင်တို့မှ ကော်ဇော သင်္ကန်းပရိက္ခရာ ထီး ဘိနပ် လက်နှိပ်ဓာတ်မီး ဖောင်တိန် ဆေးပုလင်း ဝတ္ထုပစ္စည်းတို့ကိုလဲ မဲချ၍လှူဒါန်းပါကုန်၏၊ ဝတ္ထုငွေတို့မှ ဖြစ်ပေါ် လတံ့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာပစ္စည်းတို့ကိုလဲ လှူဒါန်းပါကုန်၏။ ထိုမှတပါး ငါးရာကျော်သော ကလျာဏမိတ္တ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့အားလဲ မွန်မြတ်သော မုန့်ခဲဘွယ် ချိုချဉ်အရသာတို့ဖြင့် ကျွေးမွေး လှူဒါန်းပါကုန်၏၊ တထောင်ကျော်ဘိုး ဆေးများကိုလဲ လှူဒါန်းပါကုန်၏။

ဤကောင်းမှုအပေါင်းသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း၊ ဤကောင်းမှု အပေါင်းကြောင့် တပည့်တော်တို့သည် ဘေးအန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ အသက်ရှည်ခြင်း အနာကင်းခြင်း ကျန်းမာခြင်း ချမ်းသာများခြင်း အစရှိသော လိုလား တောင့်တအပ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်းပြည့်စုံကြ၍ ဆင်းရဲ ခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှုကုသိုလ်အပေါင်း၏ အဖို့ဘာဂကို အမိ အဖ ဆရာသမားတို့အားရင်း၊ အဆွေအမျိုးတို့အားရင်း၊ ဤ အရပ်၌ ရောက်ရှိနေသော ပရိသတ်အပေါင်းတို့အားရင်း၊ အကျွန်ုပ်တို့၏ ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် လောကကို စောင့်ရှောက်သော နတ် သိကြားမင်း ယမမင်း အစရှိသော နတ်အပေါင်းတို့အားရင်း၊ ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမိအဖတို့မှ စ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

## ဆရာသန်း၏ အမျှပေးဝေခန်း

အကျွန်ုပ်တို့ လှူဒါန်းအပ်သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို၊ သီလ ဘာဝနာ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို ကျေးဇူးရှင် မိခင် ဖခင်တို့အားရှင်း၊ ဆရာသမား အရှင်မြတ်အပေါင်းတို့အားရှင်း အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

ဤဌာနသို့ ကြွရောက်လာကြကုန်သော သံဃာတော်အရှင်သူမြတ် အပေါင်းတို့အားရှင်း၊ ကလျာဏမိတ်ဆွေ သူတော်စင် အပေါင်းတို့အားရှင်း အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

ကျွန်ုပ်တို့၏ ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့စောင့်နတ် ရွာစောင့်နတ် သာသနာတော်စောင့်နတ် သိကြားမင်း ယမမင်း စတုလောကပါလ နတ်မင်းကြီးတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

ဘဝတပါး ပြောင်းရွှေ့သွားကြကုန်သော ကျေးဇူးရှင် မိခင် ဖခင် ဆရာအရှင်သူမြတ်အပေါင်းတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

အဆွေအမျိုးတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

သုံးဆယ့်တဘုံ ကျင်လည်ကုန်သော ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

အမိအဖတို့မှစ၍ ခပ်သိမ်းသော သတ္တဝါတို့သည် ဤကောင်းမှုအပေါင်းတို့၏ အဖို့ဘာဂကို အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း၊ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

**အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့−**
**သာဓု သာဓု သာဓု**

**အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့−**
**သာဓု သာဓု သာဓု**

**အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့−**
**သာဓု သာဓု သာဓု**